ငြိမ်းချမ်းရေး စစ်တမ်း (၂၁)

## "ဝ" အမျိုးသားအရေးနှင့် ဆက်စပ်သော ငြိမ်းချမ်းရေးပြဿနာများအားလူ့ အခွင့်အရေး နှင့် ဥပဒေစိုးမိုးရေး ရှုဒေါင့်မှ သုံးသပ်ခြင်း။

ဝသပ နှင့် မြန်မာစစ်တပ်တို့၏ အကြား စစ်ရေးအရ တင်းမာလာခဲ့မှုမှာ ပြည်တွင်းလူထုနှင့် အိမ်နီးခြင်းနိုင်ငံများ အကြား စိုးရိမ်ဘွယ်ရှိလာခဲ့သည်။ သို့ ရာတွင် ယခင်ကလည်း အလားတူတင်းမာမှုမျိုးဖြစ်ခဲ့ပြီး နှစ်ဘက်ညှိနိုင်းကာ ပြေလည်မှုရသွားခဲ့သည့် သာဓကများရှိခဲ့သည်။ ယာယီနည်းဖြင့် ဖြေရှင်းခဲ့ကြခြင်းပင်။ ယခုလည်း ညှိနိုင်းပြီး တဘက်ဘက်က ဆုတ်ခွာခြင်း၊ နှစ်ဘက်လုံးက ဆုတ်ခွာသွားခြင်းဖြင့် ပြီးသွားနိုင်သည်။

ယခုတကြိမ်တွင်မူ ဤနည်းမျိုးဖြင့် ဖြေရှင်းနိုင်လျှင်ပင် ကြေနပ်မနေသင့်တော့ပါ။ စစ်မှန်သည့် ငြိမ်းချမ်းရေး မည်သည့်အခါတွင်မျှ မရနိုင်သောကြောင့် ဖြစ်သည်။ ပြဿနာ၏ အရင်းခံကို အမိအရ ကိုင်တွယ်ကာ ဖြေရှင်းသင့်ပါပြီ။ ဝသပ ၏ အရေးသည် တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေးတပ်များ အားလုံးနှင့် သက်ဆိုင်သော "ကိုယ်ပိုင် ပြဌာန်းခွင့်" ပြဿနာဖြစ်သည်။ "ကိုယ်ပိုင် ပြဌာန်းခွင့်" အခြေခံအရ မြန်မာနိုင်ငံလက်တွေ့ တွင် တိုင်းဂင်းသားပြည်နယ် များရှိ တိုင်းဂင်းသားလက်နက်ကိုင်တပ်ဖွဲ့ များအား တရားဝင် ရပ်တည်ခွင့်၊ ပေးသင့် မပေးသင့်၊ အခြေခံကျကျဆုံးဖြတ် ရမည့် ပြဿနာဖြစ်သည်။ မြန်မာစစ်ခေါင်းဆောင် ဟောင်း သစ်များက ၄င်းတို့ ၏အာဏာသက်ဆိုးရှည်စေရေး အတွက် ဝသပ တပ်ဖွဲ့ များအား လက်တွေ့ အုပ်ချုပ်ပိုင်ခွင့် (Defacto Rule) အပ်နှင်းခဲ့ခြင်း၏အကျိုးဆက်ဖြစ်သည်။

" ငြိမ်းချမ်းရေးလိုခြင်လို့ မဟုတ်ဘူး။ အခွင့်အရေးလိုခြင်လို့ စစ်တိုက်တာ။" ဟူ၍ တိုင်းရင်းသားတော်လှန်ရေး အဖွဲ့ ခေါင်းဆောင်ကြီးတဦးက ပြောကြားသွားခဲ့ဘူးသည်။ ငြိမ်းချမ်းရေး ဟူသော ဝေါဟာရမှုကို ထပ်ခါ တလဲလဲ ကြား နေသူများသာ နားထောင်လိုက်မည် ဆိုပါမူ ရိုင်းသည်ဟုပင် ထင်ကောင်းထင်နိုင်သည်။ သို့ ရာတွင် တိုင်းရင်းသားများ လိုလား တောင်းဆိုလျှက်ရှိသော ကိုယ်ပိုင်ပြဌာန်းခွင့် ရရှိမည်ဆိုပါက စစ်တိုက်စရာမလိုဘဲ ငြိမ်းချမ်းသွားမည် အမှန်ပင် ဖြစ်သည်။ သို့ ဖြစ်၍ ငြိမ်းချမ်းရေးပြဿနာကို လူ့ အခွင့်အရေး၏ အရေးကြီးသော အစိပ်အပိုင်းတရပ်ဖြစ်သည့် ကိုယ်ပိုင် ပြဌာန်းခွင့် အခွင့်အရေး၊ အခြေခံမှ ချဉ်းကပ်ဖြေရှင်းရမည် ဖြစ်ကြောင်းရှင်းလင်းစွာ မြင်နိုင်ပါသည်။

### "စစ်ရေးကိစ္စများတွင် ဝင်ရောက်မစွက်ဘက်ရေး" နှင့် "အတိတ်မေ့ရေး" မူသည် ငြိမ်းချမ်းရေးကို ဦးတည်ပါမည်လား။

**"စစ်ရေးကိစ္စများတွင် ဝင်ရောက်မစွက်ဖက်ရေး"** ဟူသည် ဒေါ်အောင်ဆန်းစုကြည်က သူမ၏ အစိုးရရပ်တည် လည်ပတ်နိုင်စေရေးအတွက် ကာချုပ်မင်းအောင်လှိုင် အမှူးပြုသည့် မြန်မာစစ်ခေါင်းဆောင်များနှင့် ညှိနိုင်းရာတွင် ပေး အပ်လိုက်ရသည့် သဘောတူညီချက် ဖြစ်ကြောင်းသိရသည်။ အစိုးရ အမည်ခံယူထားသော်လည်း စစ်ရေးကိစ္စများတွင် ပြောပိုင် ဆိုပိုင်ခွင့်မရှိသောအခါ မည်သို့ လျှင် ပြည်တွင်းငြိမ်းချမ်းရေးရအောင်ဆောင်ရွက်နိုင်ပါမည်နည်း။ စစ်ရေးကိစ္စ များတွင် တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး စာချုပ် (NCA) သည်လည်း အကြုံးဝင်သွားပါတော့သည်။

သို့ ဖြစ်၍ ဒေါ်အောင်ဆန်းစုကြည်သည် NCA နှင့် စပ်လျှဉ်း၍ မြန်မာစစ်တပ်အလိုကျ လိုက်ပြီးဆောင်ရွက်နေရ သည့် အခြေအနေသို့ ဆိုက်ရောက်နေခြင်းဖြစ်သည်။ အကျိုးဆက်အနေဖြင့်တိုင်းရင်းသားတော်လှန်ရေးအဖွဲ့ များအားလုံး (NCA)လက်မှတ်ရေးထိုးပြီးနောက်မှသာလျှင် ၂၁ ရာစု ပင်လုံညီလာခံသို့ တက်ရေးကိုသာ သူမက တိုက်တွန်းလာရခြင်း ဖြစ်သည်။

၂၀၁၆ ခုနှစ် ဇွန်လ ၁၇ ရက်နေ့ တွင် မိုင်းလားမြို့ ၌ (သူမက စေလွှတ်လိုက်သည့်) ဒေါက်တာတင်မျိုးဝင်း ခေါင်းဆောင်သော အစိုးရကိုယ်စားလှယ်အဖွဲ့ နှင့် ဝသပ မှ ပြင်ပဆက်ဆံရေးမှူး ဦးကျောက်ကော်အမ်း ခေါင်းဆောင်သော

အဖွဲ့ တို့ တွေ့ ကြ ရာတွင် အလားတူတိုက်တွန်းမှုမျိုး ပြုခဲ့ပြန်သည်။ သို့ ရာတွင် ၀ ကိုယ်စားလှယ်အဖွဲ့ က အဘယ် ကြောင့် (NCA) ကို လက်မှတ်မထိုးနိုင်ကြောင်း ၄င်းတို့ ဖြတ်သန်းခဲ့သည့် အပစ်ရပ်သမိုင်းကြောင်းကို ပြန်ပြောင်းပြောပြကာ ငြင်းဆိုခဲ့သည်။



သမိုင်း ကို လေ့လာရန်လိုပါသည်။ သို့ မှသာ သမိုင်းမှ အမှားများကို သင်ခန်းစာယူပြီး နောင်မမှားအောင်ရှောင် ကြဉ် နိုင်ပါမည်။ သို့ မဟုတ် ကောင်းမွန်သော အရာများဖြစ်ပါကလည်း ဆက်လက်ကျင့်သုံးရန် ကြိုးပမ်းနိုင်ပါမည်။ သို့ ဂုတွင် ဒေါ်အောင်ဆန်းစုကြည်သည် ၁၉၆၂ ခုနှစ်အာဏာသိမ်းပွဲပြီးသည့်နောက် စစ်အစိုးရအဆက်ဆက်က လုပ် ဆောင်ခဲ့သည့် အတိတ်ဖြစ်ရပ်များအား လေ့လာဖေါ်ထုတ် သုံးသပ်ရန် မည်သည့်အခါကမျှ အားမပေးခဲ့ပါ။ အနာဂတ်ကို တွေးမြှော်ကာ တိုင်းပြည်တည်ဆောက်ရေး လုပ်သွားရန်ကိုသာ ထပ်ခါတလဲလဲ တိုက် တွန်းပြောဆိုလေ့ရှိသည်။ ၂၀၁၆ ခုနှစ် စက်တင်ဘာလ ပထမပတ်အတွင်း အဆုံးသတ်ခဲ့သည့် ပထမ အကြိမ် ၂၁ရာစုပင်လုံညီလာခံ၏ နောက်ဆုံးနေ့ က သူမ၏ မိန့် ခွန်းကို လေ့လာကြည့်ပါ။

"ဘယ်သူတွေက အတိတ်ကို ပိုပြီးလှည့်ကြည့်တဲ့ နေရာမှာ အားသန်သလဲ။ ဘယ်သူတွေဟာ အနာဂတ်ကို မျက်နှာမူတဲ့ နေရာမှာ အားသန်သလဲ။ -----------။ အတိတ်ရဲ့ ချည်နှောင်မှုကို ကျမတို့ က ခံနေမှာလား။ အနာဂတ်ကို သတ္တိရှိရှိနဲ့ ရင်ဆိုင်ပြီးတော့ တည်ဆောက်သွားမှာလား။"

အတိတ်ကို ဥပက္ခာပြုသော မိန့် ခွန်းများအား သူမက ထပ်ခါထပ်ခါပြောလာသောအခါ နိုင်ငံတဝှမ်းလုံး၌ အတိတ် သမိုင်းကို လေ့လာပြီး သင်ခန်းစာယူရန်သော်လည်းကောင်း၊ အတိတ်က အမှားများကို အနာဂတ်တွင် ထပ်မံ မကြုံတွေ့ စေ ရန်သော်လည်းကောင်း ကြိုးစားသော လုပ်ဟန်များ ဆိတ်သုဉ်းနေပြီလား ဟူ၍ပင် စိုးရိမ်ဘွယ်ရှိသည်။ စင်စစ်အားဖြင့်မူ မြန်မာစစ်တပ်က ကျူးလွန်ခဲ့သော လူ့ အခွင့်အရေးချိုးဖေါက်မှုကြီးများအား "အမျိုးသားပြန်လည်သင့်မြတ်ရေး" ဟူသော ခေါင်းစဉ်အောက်တွင် ဖုံးကွယ်ထားလိုသဖြင့် တပြည်လုံးအား "အတိတ်မေ့" ဆေး ကျွေးနေခြင်းဖြစ်သည်။ ယင်းမှာ တိုင်း ပြည်၏ အရင်းခံပြဿနာများအား ဖြေရှင်းရန်ကြိုးပမ်းရာတွင်ပါ ကြီးမားသော အဟန့် အတားဖြစ်စေသည်။ သာဓက ပြပါ မည်။

သူမ၏ "အတိတ်မေ့" ဦးဆောင်မှုအောက်တွင် အပစ်အခတ်ရပ်စဲရေး ဖြစ်စဉ်များ၏ နောက်ခံ အခြေအနေများကို လေ့လာထားပုံမရသော ဒေါက်တာတင်မျိုးဝင်းသည် ၀သပ ခေါင်းဆောင်များက မဝေးလှသော အပစ်အခတ်ရပ်စဲရေး

အတိတ်သမိုင်းအချို့ကို ထောက်ပြ၊ ရှင်းပြသောအခါ မည်သို့မျှ မတုန့်ပြန် နိုင်ခဲ့။ ၎င်းတို့ ပြောသမျှ စကားများကို သာ ကျောင်းသားလေးတဦးသဖွယ် လေ့လာနားထောင်ပြီး ပြန်လာခဲ့ရ ပုံရှိသည်။



အစိုးရကိုယ်စားလှယ် အဖွဲ့အပြန်တွင် ဝသပ က ထည့်ပေးလိုက်သည့် သူမထံသို့ ပေးစာ၏ စာမျက်နှာ ၅ နှင့် ၆ တို့တွင် အောက်ပါအတိုင်းဖေါ်ပြကာ ဝေဘန်ခဲ့သည်။

၂၀၁၅ ရွေးကောက်ပွဲရှေ့တွင် အာဏာလက်မဲ့ ပါတီဖြစ်သော ဒီချုပ်ဥက္ကဌ ဒေါ်အောင်ဆန်းစုကြည်မှ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ အစည်းများအား အလွန်မျှတမှုမရှိသော အပစ်အခတ်ရပ်စဲရေးစာချုပ်ကို သွားရောက် မချုပ်ဆို ရန် ပန်ကြားခဲ့ပါသည်။ ရွေးကောက်ပွဲကြီး အနိုင်ရပြီးနောက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ဆွေးနွေးပြီး တရားမျှတသော စာချုပ်အသစ်ကို ချုပ်ဆိုရန် ကတိပြုခဲ့သောကြောင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ အစည်း အများစု၏ ထောက်ခံမှုကို ရရှိခဲ့ပါသည်။

ယခုအခါ ဒီချုပ်အစိုးရတက်လာပြီးနောက် နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်မှ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ အစည်းများအား ၎င်းကိုယ်တိုင်ဆန့်ကျင်ခဲ့သော အပစ်အခတ်ရပ်စဲရေးစာချုပ် ချုပ်ဆိုရန် တောင်းဆို ပြန်သည်။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်သည် မိမိနှင့် အစိုးရတို့၏ နိုင်ငံရေး ကတိ ကဝတ်ကိစ္စကို စဉ်းစား သင့်သည်။ ရွေးကောက်ပွဲ မတိုင်ခင်နှင့် အာဏာရပြီးနောက် ရှေ့နောက်မကိုက်ညီ သော သဘောထားကို မည်သို့လိုက်လျောရမှန်းမသိဖြစ်သွားလိမ့်မည်။

NCA စာချုပ်လက်မှတ်ထိုးရေးနှင့် စပ်လျဉ်း၍ ဒေါ်အောင်ဆန်းစုကြည်အား ဝသပ က ဝေဘန်စာပို့ခံရသည်အထိ အခြေအနေသို့ အဘယ်ကြောင့် ဆိုက်ရောက်သွားသနည်း။ ရှင်းပါသည်။ ဒေါ်အောင်ဆန်းစုကြည်သည်လည်းကောင်း၊ သူမ ဦးဆောင်ထားသော အစိုးရအဖွဲ့ဝင်များသည်လည်းကောင်း ကာချုပ် မင်းအောင်လှိုင်ခေါင်းဆောင်သည့် မြန်မာစစ်တပ်ကို မထိန်းနိုင်ရုံမျှမက ၎င်းတို့အကြိုက်ကို လိုက်လျောလုပ်ဆောင်ပေးမှသာလျှင် အစိုးရဟူ၍ အမည်ခံမျှသာ ရပ်တည် နိုင်မည် ဖြစ်သောကြောင့်ပင်။ ယင်းစာတွင် ဝသပ က ၎င်းတို့အနေဖြင့် ယခင်စစ်အစိုးရဟောင်းနှင့် ဆွေးနွေးခဲ့သည့်ဖြစ်ရပ်များကို ပြန်လည်ထောက်ပြထားသည်။ ထိုစဉ်က နှစ်ဘက်သဘောတူခဲ့သည့် စာချုပ်ထဲတွင် "ငြိမ်းချမ်းရေး" ဟူသော ဝေါဟာရ ကိုသာ သုံးစွဲမည်ဖြစ်ပြီး "အပစ်အခတ်ရပ်စဲရေး" စကားလုံးကိုမသုံးဟူ၍ သဘောတူညီခဲ့ကြကြောင်း၊ ငြိမ်းချမ်းရေး စာချုပ် ကို ချုပ်ဆိုခဲ့ကြပြီး ဖြစ်သဖြင့် အပစ်အခတ်ရပ်စဲရေးကို ထပ်မံချုပ်ဆိုလျှင် နောက်ပြန်ဆုတ်သကဲ့သို့ဖြစ်သွားမည် ဖြစ်ကြောင်းဖြင့် NCA တွင် ဝသပက အဘယ်ကြောင့် ပါဝင် မချုပ်ဆိုနိုင်ကြောင်း ရှင်းပြငြင်းဆိုခဲ့သည်။

ဝသပ က NCA တွင် ပါဝင်ရန် ငြင်းဆန်ခြင်းမှာ စာချုပ်၏ လွှမ်းခြုံမှုအောက်ရောက်သွားပါက ၎င်းတို့ လက်ရှိ ခံစားနေရ သော အထူးအခွင့်အရေးများ ဆုံးရှုံးသွားမည်ဖြစ်သောကြောင့်ဟု ဝေဘန်မှုများရှိသည်။ ထိုသို့ အထူးအခွင့် အရေးများခံစားနိုင်အောင်၊ သဘောသက်ရောက်သော တရားဝင်မှု (Defacto legitimacy) ကို ဝသပ၏ လက်နက်ကိုင် တပ်များ ရရှိအောင် ဖန်တည်းပေးခဲ့သူမှာ မြန်မာစစ်အာဏာရှင်ဟောင်းများ ဖြစ်သည်။ စေတနာရှိုးဖြင့်တော့ မဟုတ်။ ၎င်းတို ၏ အာဏာတည်မြဲရေးအတွက် အသုံးချ ခဲ့ခြင်းသာပင်။

ဒေါ်အောင်ဆန်းစုကြည်သည် အတိတ်ကို မေ့ထားရန် လူထုကြီးတရပ်လုံးအား တိုက်တွန်းလျှက် ရှိသော်လည်း သူမကိုယ်တိုင်ပင် မေ့ထား၍ မရနိုင်ပါ။ ဥပဒေကြောင်းအရ တာဝန်ရှိ၍ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် သူမ၏ ပါတီ ဖြစ်သော အမျိုးသားဒီမိုကရေစီ အဖွဲ့ ချုပ်သည် ၂၀၀၈ ခုနှစ် ဖွဲ့ စည်းပုံအခြေခံဥပဒေကို လက်ခံကာ ရွေးကောက်ပွဲဝင် ပြီးနောက် လွှတ်တော်အတွင်းသို့ ရောက်ရှိသွားခဲ့ကြောင်း ကမ္ဘာသိဖြစ်သည်။ ယင်းဖွဲ့ စည်းပုံ၏ ပုဒ်မ ၄၄၅ တွင် အောက်ပါ အတိုင်းပြဌာန်းထားသည်။

> "ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်သည် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ ဖြိုးရေးကောင်စီတို့ ၏ မူဝါဒ လမ်းညွှန်မှုများ၊ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်း များ၊ အမိန့် ပြန်တမ်းများ၊ ကြေညာချက်များကိုလည်းကောင်း၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ ဖြိုးရေးကောင်စီတို့ ၏ ဆောင်ရွက်ချက်များ၊ တာဝန်များနှင့် ရပိုင်ခွင့် များကိုလည်းကောင်း ဆက်ခံသည်။ ---------"

အဆိုပါပြဌာန်းချက်အရ ထင်ရှားသည်မှာ ယခင် နဝတ၊ နအဖ စစ်အစိုးရအဆက်ဆက်က မဟုတ်တာလုပ်ခဲ့၊ မတရားပြုခဲ့၊ တိုင်းရင်းသားတို့ ၏ ကိုယ်ပိုင်ပြဌာန်းခွင့်အခွင့်အရေးအား ထင်သလိုချယ်လှယ်ကာ အသုံးချခဲ့၊ ပြည်ထောင်စုပြိုကွဲစေမည့် လုပ်ရပ်များလုပ်ခဲ့၊ လူ့ အခွင့်အရေးချိုးဖေါက်မှုကြီးများ ကျူးလွန်ခဲ့သမျှ များနှင့် စပ်လျှဉ်း၍ တာဝန်ရှိမှုကို နိုင်ငံတော်က ဆက်ခံကြောင်း အတိအလင်းဖေါ်ပြထားခြင်း ဖြစ်သည်။

နိုင်ငံတော်ဆိုသည်မှာ မည်သည့်အရာနည်းဟု ဆက်လက်လေ့လာမည်ဆိုပါက ပုဒ်မ ၄၇ အရ "ဥပဒေပြုမှု အခွင့် အာဏာကိုသော်လည်းကောင်း၊ အုပ်ချုပ်မှု အခွင့်အာဏာကိုသော်လည်းကောင်း ကျင့်သုံးသော အဖွဲ့ အစည်း သို့ မဟုတ် လူပုဂ္ဂိုလ်ကို ဆိုလိုသည်။" ဟု ပြဌာန်းထားပြန်သည်။ သို့ ဖြစ်၍ လက်ရှိလွှတ်တော်အတွင်းသို့ ရောက်ကာ ဥပဒေပြုအာဏာ ကို ကျင့်သုံးလျှက်ရှိသော သူမ၏ ပါတီဖြစ်သည့် အမျိုးသားဒီမိုကရေစီ အဖွဲ့ ချုပ်နှင့် သူမကိုယ်တိုင်သည် ၂၀၀၈ ဖွဲ့ စည်းပုံ အရ တာဝန်ရှိမှုမှ ရှောင်လွှဲ၍မရ။ "အတိတ်ရဲ့ ချည်နှောင်မှုကို ကျမတို့ က ခံနေမှာလား။" ဟူသည့် သူမ၏ ပြောကြားချက် သည် သူမလက်ခံထားသော ၂၀၀၈ ဖွဲ့ စည်းပုံနှင့် ဆန့် ကျင်နေသည်။ ယင်း၏ ပုဒ်မ ၄၄၅ ကို ပယ်ဖျက်ရန် သူမ သည် လည်းကောင်း၊ သူမ၏ ပါတီသည်လည်းကောင်း မည်သည့်အခါကမျှ မကြိုးစားခဲ့။ ယင်းပြဌာန်းချက်၏ မတရားမှု ကို မည်သည့်အခါကမျှ ထောက်ပြကန့် ကွက်ခြင်း မရှိခဲ့။ သို့ ဖြစ်၍ ယင်းကို လက်ခံထားသည့် သဘောသက်ရောက်နေသော ကြောင့် ယခုအချိန်တွင် တာဝန်ခံကာ ဖြေရှင်းရပါတော့မည်။ အတိတ်ကို ဥပက္ခာပြုထား၍ မရပါ။

**အစွန်းရောက် အမျိုးသားရေးဝါဒ နှင့် ဥပဒေစိုးမိုးရေး**

မဝေးလှသေးသော အတိတ်သမိုင်းကြောင်း ပြန်ပြောင်း ကောက်ယူ သုံးသပ်ရန်လိုပါမည်။

၁၉၈၈ ခုနှစ် ရှစ်လေးလုံးအရေးတော်ပုံကြီးမဖြစ်ပွားမီတွင် ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ) သည် မြန်မာနိုင်ငံ အရှေ့ မြောက် ဒေသ "၀" နယ် ကို အခြေခံလျှက် မြန်မာစစ်တပ်က အမွေသိမ်းပိုက်ရယူထားသော နိုင်ငံရေးအာဏာကို အငြိမ်းခြောက်နိုင်ဆုံးအင်အားစုဖြစ်ခဲ့သည်။ ရှစ်လေးလုံးအရေးတော်ပုံကြီး ဖြစ်ပွားပြီးနောက်ပိုင်း တောခိုကျောင်းသားများ

က မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF) ဖွဲ့ စည်းကာ ဗိုလ်ချုပ်ကြီးစောဗိုလ်မြ ဦးဆောင်သည့်တိုင်းရင်းသားတော်လှန်ရေး အဖွဲ့ အစည်းများ ပါဝင်သည့် မြန်မာပြည်ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ ချုပ် (Democratic Alliance of Burma – DAB) တွင် ပူးပေါင်းလိုက်သောအခါ ဒုတိယ အခြိမ်းခြောက်နိုင်ဆုံး အင်အားစု ဖြစ်လာခဲ့သည်။ မြို့ပြဒေသများတွင်လည်း မငြိမ်သက်မှုများ ဆက်လက်ပေါ်ပေါက်နေသဖြင့် မြန်မာစစ်အာဏာရှင်များသည် ထိုစဉ်က တိုင်းပြည်အာဏာ ကို ဆက်လက်ချုပ်ကိုင်ထားနိုင်ရန် အသဲအသန်ကြိုးပမ်းနေခဲ့ရချိန်ဖြစ်သည်။

ငှင်းတို့ အသက်ရှူချောင်သွားစေသည့် ဖြစ်ရပ်မှာ ၁၉၈၉ ခုနှစ် ဧပြီလ (၁၇) ရက်နေ့ တွင် ဝတပ်များက ဗမာပြည်ကွန်မြူနစ်ပါတီကို ဆန့် ကျင်အာဏာသိမ်းကာ ဗကပ ခေါင်းဆောင်များအား ဝနယ်မှ နေ၍ မောင်းထုတ်လိုက်ခြင်း ဖြစ်သည်။ ဝသပ ပါတီတည်ရှိခွင့်၊ တပ်တည်ရှိခွင့် နှင့် ၄င်းတို့ အခြေပြုရာ လွတ်မြောက်ဒေသတည်ရှိခွင့် တို့ အား မြန်မာစစ်အာဏာရှင်များက လွယ်လင့်တကူအပ်နှင်းခဲ့သည်။ ၄င်းတို့ အာဏာကိုမထိပါးသမျှကာလပတ်လုံး (ဝသပ) အား ပြည်တွင်းတွင်ရော နယ်စပ်ဒေသများတွင်ပါ စီးပွားရေးလုပ်ကိုင်ခွင့်များအပါအဝင် လုပ်ခြင်ရာလုပ်ခွင့်ပြုခဲ့သည်။ တည်ဆဲမည်သည့် ဥပဒေဘောင်နှင့်မျှ မညီခဲ့။ ချုပ်၍ဆိုရလျှင် ထိုစဉ်က မြန်မာစစ်ခေါင်းဆောင်များက (ဝသပ) ကို မွေးပြီး (ဗကပ) အမြစ်ပြုတ်ရေး မဟာဗျူဟာကို အစီအစဉ်ရှိရှိ အကောင်အထည် ဖော်ခဲ့ခြင်းဖြစ်သည်။

ဝသပ ကလည်း ရသမျှအခွင့်အရေးများကို အပြည့်အဝ အသုံးချကာ လွန်ခဲ့သည့် နှစ်ပေါင်း ၂၇ နှစ်အတွင်းတွင် ၄င်း၏ တပ်ကို လူအင်အားအရရော၊ လက်နက်အင်အားအရပါ ကြီးထွားအောင် တည်ဆောက်လာခဲ့သည်မှာ ယနေ့ တိုင်ပင်။




ထိုသို့ တည်ဆောက်ခွင့်ရစေရေးအတွက် အပေးအယူအနေဖြင့် မြန်မာစစ်ခေါင်းဆောင်များ အလိုကျလိုက်နာကာ မိမိတို့ တိုင်းရင်းသားအချင်းချင်းအား ဆန့် ကျင် တိုက်ပွဲဝင်ပေးရသည့် ဘဝသို့ လည်းကျရောက်ခဲ့သည်။ အထူးသဖြင့် ၂၀၀၂ ခုနှစ်တွင် ဝသပ သည် မြန်မာစစ်တပ်၊ မိုင်းလားတပ်ဖွဲ့ များနှင့် အတူတွဲ၍ ဗိုလ်မှူးကြီး ယွက်ဆစ်ခေါင်းဆောင်သည့် ရှမ်းပြည်တော်လှန်ရေးကောင်စီ (RCSS) ၏ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) SSA South ၏ တပ်များအား တိုက်ပေးခဲ့ရခြင်းပင်။ ဆုလဒ်အနေဖြင့် မြန်မာနိုင်ငံအတွင်း စီးပွားရေးလုပ်ပိုင်ခွင့်များ တိုးချဲ့ ရခဲ့သည့်အပြင် ဝ လူမျိုး အမြောက်အများအား ရှမ်းပြည်တောင်ပိုင်းသို့ ရွှေ့ ပြောင်းအခြေစိုက်ခွင့်ရခဲ့သည်။ သို့ ဖြင့် မြန်မာနိုင်ငံအရှေ့ မြောက်ပိုင်းတရုတ်နယ်စပ်နှင့် ကပ်လျှက်ရှိသော ဝနယ်မှနေ၍ မိုင်းလားဒေသကို ဖြတ်ကာ လာအိုနိုင်ငံနယ်ခြားမျဉ်းဖြစ်သော မဲခေါင်မြစ်ကို အသုံးချနိုင်လာသည်။ တောင်ပိုင်းရှိ ထိုင်းမြန်မာနယ်စပ်သို့ လမ်းကြောင်းပွင့်သွားခဲ့သည်။ ယင်းတို့ မှာ ဝသပ အတွက် ရွှေလမ်း၊ ငွေလမ်းဟု ဆိုနိုင်သည်။ တရုတ်နိုင်ငံတခုတည်းကို အားကိုးစရာမလိုဘဲ လာအိုနှင့် ထိုင်းနယ်စပ်မှနေ၍လိုအပ်သည့်

ပစ္စည်းများတင်သွင်းနိုင်၊ တင်ပို့ နိုင် ရုံသာမက မိမိ၏ ခုခံစစ်မျက်နှာကိုလည်း ဖြန့် ထားနိုင်သည်။ တောင်မြောက် တဆက် တည်းဒေသအား "ဝ" ပြည်နယ်အနေဖြင့် တောင်းဆိုရေးအတွက်လည်း အထောက်အပံ့ဖြစ်သွားပါတော့သည်။

ဝသပ နှင့် မိုင်းလားအဖွဲ့ တို့ က မြန်မာစစ်တပ်နှင့်တွဲကာ RCSS ကိုတိုက်ပေးခြင်းဖြင့် စစ်အာဏာရှင်စနစ်တည်မြဲရေးကို ပံ့ပိုးပေးလိုက်ရာရောက်သောကြောင့်  မြန်မာစစ်ခေါင်းဆောင်များကိုကြေနပ်မှုရစေသည်။ ၎င်းတို့ ကိုယ်တိုင်လည်း လက်နက်ကိုင်တပ်ကိုကြီးမားစွာ တိုးချဲ့ ခွင့်ရ၊ နယ်မြေထိန်းချုပ်ခွင့်ပိုမိုရ၊ ဥပဒေတွင်း ဥပဒေပ စီးပွားရေး အခွင့်အလမ်းများ မြောက်များစွာရရှိသဖြင့် အောင်ပွဲခံနိုင်ခဲ့ကြသည် ဟု ဆိုနိုင်သည်။ သို့ ရာတွင် တိုင်းပြည်အတွက် ဥပဒေစိုးမိုးရေးမှာ မူ ပျက်စီးခြင်းမက ပျက်စီးပါတော့သည်။ ယင်းအတွက် ကာချုပ်မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာစစ်ခေါင်းဆောင် ဟောင်းသစ်များတွင် အဓိက တာဝန်ရှိသည်။ အားပေးကူညီခဲ့ကြသည့် ဝသပ နှင့် မိုင်းလားအဖွဲ့ တို့ တွင်လည်း တာဝန်ရှိသည်။ ယခု တက်နေသော ဒေါ်အောင်ဆန်းစုကြည်ခေါင်းဆောင်သည့် NLD အစိုးရတွင်လည်း ၂၀၀၈ ခုနစ်ဖွဲ့ စည်းပုံ ပုဒ်မ ၄၄၅ အရ တာဝန်ရှိသည်။ "အတိတ်၏ ချည်နှောင်ထားမှုများဖြစ်သည်" ဟု ရေရွတ် မြည်တမ်းကာ ရှောင်လွှဲ၍မရနိုင်။ အကြောင်းကြောင့်အကျိုးဖြစ်သည်။ ပြည်တွင်းတွင် စစ်ပွဲများ ဖြစ်ပွားရသည့် အကြောင်းခံများကို ကောင်းမွန်စွာသိရှိအဖြေ ရှာနိုင်မှသာ အကျိုးတရားအနေဖြင့် ငြိမ်းချမ်းမှု ခံစား နိုင်ပါမည်။

ထို့ အပြင် ဝသပ က "ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်" အခွင့်အရေးကို လက်တွေ့ ကျင့်သုံးမှုသည် ၂၀၀၈ ဖွဲ့ စည်းပုံနှင့် အညီ ခြောက်မြို့ နယ်အား စုဖွဲ့ ကာ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအဖြစ်ဖေါ်ဆောင်သောအခါ ဥပဒေစိုးမိုးရေး ရှုဒေါင့်မှနေ၍ ပြဿနာဖြစ်လာပြန်ပါတော့သည်။ ဥပဒေက တခြား၊ လက်တွေ့ က တလွဲ ဖြစ်နေ၍ပင်။ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအတွက် သတ်မှတ်ပေးထားသော ပုဒ်မ ၂၇၆ မှ ၂၈၃ အထိ ပြဋ္ဌာန်းချက်များ နှင့် ဇယား ၃ ပါ ဥပဒေပြုစာရင်းတို့ အား နာဂ၊ ဓနု၊ ပအို့ ဝ်၊ ပလောင်၊ ကိုးကန့် လူမျိုးများရှိရာ ဒေသများ တွင် ဖေါ်ဆောင်နိုင်သော်လည်း "ဝ" ဒေသအတွက် သက်ရောက်မှု စိုးစဉ်းမျှ မရှိပါ။ "ဝ" ဒေသ သည် လုံးဝပင်လွတ်မြောက်သည့် နေရာဖြစ်နေသည်။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင် ရေး အာဏာကြီး သုံး ရပ်လုံးကို အပြည့်အဝကျင့်သုံးခွင့်ရနေသည်။ "ဝ" ဒေသ ခံစားခွင့်ရနေသော "ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်" အခွင့်အရေးသည် လွတ်လပ်သော နိုင်ငံတခုကဲ့သို့ ဖြစ်နေသည်။

ဥပဒေတွင် တန်းတူပြဋ္ဌာန်းထားပါလျှက် မတူညီမှုများဖြစ်ပေါ်နေသောအခါ ဥပဒေစိုးမိုးရေးပျက်ပါတော့သည်။ ဥပဒေစိုးမိုးရေးကို အဆက်မပြတ်ကြွေးကြော်လျှက်ရှိသော ဒေါ်အောင်ဆန်းစုကြည်သည် လွှတ်တော်အတွင်း ရောက်နေ သည် မှာ ၅ နှစ်ကျော်ကြာခဲ့ပြီဖြစ်သော်လည်း "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဝသပ အရေးသည် ဥပဒေစိုးမိုးရေး နှင့် ဆန့် ကျင်လျှက်ရှိကြောင်း မည်သည့်အခါကမျှ ထုတ်ဖေါ် ဖြေရှင်းရန်မကြိုးစားခဲ့ပါ။ မြန်မာစစ်ခေါင်းဆောင်များ ငြိုငြင်မည် စိုးသဖြင့် မသိခြင်ယောင် ဆောင်ထားခဲ့ပုံရှိသည်။ ယခုအချိန်အထိမှာပင် ပြဿနာကို လွှယ်လွှယ်တွက်လျှက်ရှိသည်။ ဝသပ အပါအဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ မှန်သမျှအား NCA လက်မှတ်ထိုးပြီးနောက် ၂၁ ပင်လုံညီလာခံသို့ ရောက်အောင်ခေါ်နိုင်လျှင် တကယ်ဘဲ ငြိမ်းချမ်းရေးရတော့ မည်လိုလို သူမက ပြည်တွင်းလူထုတရပ်လုံးကိုသာမက နိုင်ငံတကာကိုပါ ထင်ယောင်မှားစေလျှက်ရှိသည်။

လွန်ခဲ့သော ၂၈ နှစ်ကျော်အတွင်း ဝသပ သည် အစွန်းရောက်အမျိုးသားရေးဝါဒ Extreme Nationalism ကို ကျင့်သုံးခွင့်ရနေပြီး ယင်းအပေါ်တွင် သာယာလျှက်ရှိသည်။ ယင်းသို့ ကျင့်သုံးခွင့်ရနေခြင်းမှာ စစ်အာဏာရှင်စနစ်က အခွင့်အလမ်းဖန်တည်းပေး၊ ခွင့်ပြုပေး၊ အသိအမှတ်ပြု အားပေးထားသောကြောင့် ဖြစ်သည်။ ဘေးနံတပ်များအနေဖြင့် ၎င်းကို ဝန်းရံထားသော ရှမ်းပြည်မြောက်ပိုင်းတပ်မတော် SSA/N ၊ ကိုးကန့် ၊ TNLA နှင့် ရခိုင်တပ်မတော် တို့ အား ထောက်ပံ့မှု တစုံတရာရှိနိုင်သည်။ ယင်းမှလွဲ၍ ဝသပ သည် ၎င်းအပစ်ရပ်ခဲ့သည့် ၁၉၈၉ ခုနစ် ဧပြီလမှ စ၍ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုပေါ်ထွန်းလာရေး အတွက် အခြား တိုင်းရင်းသား တော်လှန်ရေးအဖွဲ့ အစည်းများ နှင့်တွဲကာ

နိုင်ငံရေး အရလည်းကောင်း၊ စစ်ရေးအရလည်းကောင်း ဦးထမ်း ပွဲထမ်း တာဝန်ထမ်းဆောင်ခဲ့ခြင်း မရှိခဲ့။ တနိုင်ငံလုံးတွင် စစ်အာဏာရှင်စနစ်တစုံလုံးပြုတ်ကျကာ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတည်ဆောက်နိုင်ရေးအတွက် ကြိုးပမ်းအားထုတ်မှုတခုတလေမျှ မတွေ့ရ။ "ဝ" လူမျိုး နှင့် ဝသပ အရေးသည်သာ ပထမ၊ ဒုတိယ၊ တတိယ တို့ ဖြစ်နေသည်။ ၎င်း၏ အကျိုးစီးပွားကို ထိပါးမှသာ ခံတိုက်မည် ဖြစ်သည်။ ဤသည်မှာ အစွန်းရောက်အမျိုးသားရေးဝါဒ ၏ အသွင်လက္ခဏာများဖြစ်သည်။

အစွန်းရောက် အမျိုးသားရေးဝါဒ နှင့် စစ်အာဏာရှင်စနစ်တို့ သည် အမြီးစားဘက် ခေါင်းစားဘက်ဖြစ်သည်။ ဗိုလ်ချုပ်ရွက်ဆစ်ခေါင်းဆောင်သော ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီသည်လည်း အစွန်းရောက်အမျိုးသားရေးဝါဒကို ကျင့်သုံးနေသလား ဟု စိုးရိမ်ဘွယ်ရှိသည်။ အစွန်းရောက်အမျိုးသားရေးဝါဒကို ကျင့်သုံးသော အဖွဲ့ အစည်းများသည် မိမိတို့ အဖွဲ့ အစည်းအကျိုးစီးပွားကိုသာ အဓိကထားကြလေ့ရှိသည်။ သို့ ဖြစ်၍ အခွင့်သာလျှင် သာသလို စစ်အာဏာရှင်စနစ်နှင့်ပေါင်းကာ အခြား ဘဝတူ အဖွဲ့ အစည်းများအား ရန်မူတတ်၊ နယ်မြေလုတတ်၊ မိမိအဖွဲ့ အစည်း၏ သြဇာအာဏာအား မလျော့သည့် နည်းလမ်းများဖြင့် တိုးချဲ့ တတ်ကြသည်။

၎င်းတို့ တွင် လူ့ အခွင့်အရေးကို တန်ဘိုးထားကြောင်း ပြလေ့မရှိ။ လူ့ အခွင့်အရေးကို ချိုးဖေါက်သည်ဖြစ်စေ၊ မိမိတို့ အဖွဲ့ အစည်း (သို့ မဟုတ်) အဖွဲ့ အစည်းဝင် တာဝန်ရှိသူ တဦးဦးက ကျူးလွန်ပါက အမှန်ဟု ရပ်တည်ကာကွယ်ပေးလေ့ရှိသည်။ ဥပဒေစိုးမိုးရေးအခြေခံဖြင့် လူ့ အခွင့်အရေး ချိုးဖေါက်သည့် ပြစ်မှုကျူးလွန်သူအား ဖေါ်ထုတ်အရေးယူရန် ဝန်လေးတတ်ကြသည်။ "ကိုယ်ပိုင်ပြဌာန်းခွင့်" ဟူသည်မှာ လက်နက်နှင့် အာဏာရှိသူများ လုပ်ခြင်ကုလုပ်ခွင့်မျိုး မဖြစ်သင့်ပါ။ ဤအတွေးအခေါ်နှင့် လုပ်ဟန်များ ရှိနေသမျှ ငြိမ်းချမ်းသောဖက်ဒရယ်ပြည်ထောင်စု နိုင်ငံမတည်ဆောက်နိုင်ပါ။ မဟာလူမျိုးကြီးဝါဒ ကိုသာမက အစွန်းရောက်အမျိုးသားရေးဝါဒကိုလည်း စွန့် လွှတ်ရန်လိုပါမည်။ သို့ မှသာ ဥပဒေစိုးမိုးရေး ရှိလာနိုင်သည်။ ဥပဒေစိုးမိုးရေး အခြေခံကောင်းမှသာ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ပါမည်။ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်လိုပါက တည်ဆောက်ရန်ကြိုးပမ်းနေစဉ်မှာပင် အခွင့်အရေး နှင့် တာဝန်များအား မျှဝေ ခံစား၊ ထမ်းဆောင်သည့် စိတ်ဓါတ်(Spirit of Sharing) ကို မွေးမြူကျင့်သုံးရန်လိုပါမည်။

**အပစ်ရပ်စာချုပ် NCA သည် တိုင်းရင်းသားများ၏ "ကိုယ်ပိုင်ပြဌာန်းခွင့်" ကို ရုပ်သိမ်းမည့် နိုင်ငံရေး ထောင်ချောက်**

လက်ရှိ NCA သည် စစ်အာဏာရှင်စနစ်ကို ဖေါ်ဆောင်ထားသော၂၀၀၈ ဖွဲ့ စည်းပုံဘောင်အတွင်းတွင် သာ ဝဲလည်စေသဖြင့် ငြိမ်းချမ်းရေး သံချိုင်းဖြစ်နေသည်။ အဘယ်ကြောင့်ဤသို့ ဆိုသနည်း။ ယင်း စာချုပ် အပိုဒ် ၂၂ (ဃ) တွင် အောက်ပါအတိုင်း ဖေါ်ပြထားသည်။

> ပြည်ထောင်စုညီလာခံမှ ထွက်ပေါ်လာသော ဆုံးဖြတ်ချက်များအပေါ် အခြေခံ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ အပါအဝင် ဥပဒေများကို လိုအပ်သလို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် ပယ်ဖျက်ခြင်းများကို **လုပ်ထုံးလုပ်နည်းနှင့်အညီ** ပြုလုပ်ရန် သဘောတူညီကြသည်။

၎င်းအရ ဖွဲ့ စည်းပုံအခြေခံ ဥပဒေအပါအဝင်ဥပဒေများကို ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်မည်ဆိုလျှင် "**လုပ်ထုံးလုပ်နည်းနှင့်အညီ**" သာ လုပ်ခွင့်ရှိကြောင်း ဆိုလိုခြင်းဖြစ်သည်။ ယင်းမှာ၂၀၀၈ ဖွဲ့ စည်းပုံ ပုဒ်မ ၄၃၆ ကို ရည်ညွှန်းထားခြင်းဖြစ်သည်။ ပုဒ်မ ၄၃၆ အကန့် အသတ်အောက်တွင် ဖွဲ့ စည်းပုံအသစ်ဆွဲရန်ဝေး၍ ကာချုပ်က သဘောမတူသမျှ ဖွဲ့ စည်းပုံ၏ ကျောရိုးကျသည့် ပြဌာန်းချက်များကို ပြင်နိုင်ဘွယ်မရှိ။ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် အမျိုးသား ဒီမိုကရေစီအဖွဲ့ ချုပ် လွှတ်တော်အတွင်းဝင်သွားခဲ့သည်မှာ ငါးနှစ်မျှ ရှိပါပြီ။ ဖွဲ့ စည်းပုံ၏ ကျောရိုးကျသည့် ပြဌာန်းချက် များအနက် ဝေါဟာရ တခုတလေကိုမျှပင် ပြင်နိုင်ခဲ့ခြင်းမရှိ။ လက်ရှိ NCA ကို အခြေပြုထားသည့် ၂၁ ပင်လုံတွင် (အမျိုးသားညီလာခံ

မှာကဲ့သို့ ) နောက်ထပ် နှစ်ပေါင်း ၁၅ နှစ်မျှကြာ အချိန်ယူ၊ ဆွေးနွေးကြပါစေ၊ နောက်ဆုံးနိဂုံးချုပ်မည့် နေရာသည် NCA အရ ပုဒ်မ ၄၃၆ သာ ဖြစ်နေသည်။

၂၁ ပင်လုံညီလာခံသည် ဝဲဂယက်နှင့် အလားတူလျှက်ရှိသည်။ ယင်းတွင် ယခုလက်ရှိ အတိုင်းသာ လိုက်ပါစီး မျော ဝဲလည်သွားမည်ဆိုပါက တိုင်းရင်းသားတော်လှန်ရေးအဖွဲ့ များသည် ကိုယ်ပိုင်ပြဌာန်းခွင့်မရ၊ ဖက်ဒရယ် ပြည်ထောင်စု မတည်ဆောက်နိုင်ဘဲ ၂၀၀၈ ဖွဲ့ စည်းပုံဘောင်အတွင်းတွင် လက်နက်ဖြုတ်သိမ်းခံရခြင်းဖြင့် နိဂုံးချုပ်ကြပါမည်။ သို့ဖြစ်၍ မြန်မာစစ်အာဏာရှင်ဟောင်းသစ်များသည် ယူအင်န်အက်ဖ်စီ အဖွဲ့ ဝင်များက NCA လက်မှတ်ထိုးစေရေးအား ချော့ချည် တခါ ခြောက်ချည်တလှည့် ဗျူဟာချမှတ်ကာ ဖေါ်ဆောင်နေခြင်းပင်။ ကချင်၊ ရှမ်း နှင့် ကရင်ပြည်နယ်များတွင် ပေါ်ပေါက် နေသည့် မြန်မာစစ်တပ်၏ သိသာထင်ရှားစွာ တိုးမြှင့်လာသော စစ်ရေးလှုပ်ရှားမှုများက သက်သေခံလျှက်ရှိသည်။

NCA ကို လက်မှတ်မထိုးဘဲ တောင့်ခံထားသော တိုင်းရင်းသားတော်လှန်ရေးအဖွဲ့ အစည်း (၇) ဖွဲ့ ၏ တပ်ပေါင်းစု မှာ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) ဖြစ်သည်။ UNFC က ၎င်းတို့ တောင်းဆိုထားသော မူရှစ်ချက်ကို ရမှ သာလျှင် လက်မှတ်ထိုးမည်၊ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ (၂၁ ပင်လုံ) ကို တက်မည်ဖြစ်ကြောင်း သိရသည်။ UNFC ၏ အဆိုပါရပ်တည်ချက်သည် မြန်မာစစ်ခေါင်းဆောင်များ နှင့် မြန်မာစစ်တပ်တို့ အတွက် ကြီးမားစွာ စိုးရိမ် ပူပန်စေသည်။ အဘယ်ကြောင့်နည်း။

မြန်မာစစ်တပ်၏ ဂုဏ်သိက္ခာကို ထိခိုက်စေသည်အထိ ခုခံတိုက်ပွဲဝင်ခဲ့သော ကိုးကန့် အဖွဲ့ ၊ တအမ်းလွတ်မြောက် ရေး တပ်မတော် TNLA နှင့် ရခိုင်တပ်မတော် AA တို့ အား လက်နက်ကိုင်လမ်းစဉ်ကို စွန့် လွှတ်ကြောင်း ကြေငြာပြီးမှသာ NCA ကို လက်မှတ်ထိုးခွင့်ပြုမည်ဟု မြန်မာစစ်တပ်က ရက်ရမ်းရမ်းကာ ကြေငြာထားခဲ့သည်။ အဆိုပါ သုံးဖွဲ့ က လည်း မြန်မာစစ်တပ်၏ သဘောထားကို လက်မခံနိုင်ကြောင်း ပြန်ကြားခဲ့ပြီးဖြစ်သည်။ သို့ဖြစ်၍ ထိုသုံးဖွဲ့ သည် ၂၁ ပင်လုံ ညီလာခံ သို့ တက်နိုင်ဖွယ် မရှိတော့။

UNFC အဖွဲ့ ဝင်အဖွဲ့ အစည်း (၇) ဖွဲ့ အနက် (၄) ဖွဲ့ သည် နိုင်ငံရေးအရ အစဉ်အလာကြီးမားသော အဖွဲ့ အစည်း များဖြစ်သည့်အပြင် စစ်ရေးအရလည်းလှုပ်ရှားနိုင်စွမ်းရှိသော အဖွဲ့ အစည်းများဖြစ်ကြသည်။ ယင်းတို့ မှာ ကချင်အမျိုးသား လွတ်လပ်ရေးအဖွဲ့ (KIO)၊ မွန်ပြည်သစ်ပါတီ (NMSP)၊ ကရင်နီ အမျိုးသား တိုးတက်ရေးပါတီ (KNPP) နှင့် ရှမ်းပြည်တိုး တက်ရေးပါတီ (SSPP) တို့ ဖြစ်သည်။ ကျန်သုံးဖွဲ့ သည်လည်း နိုင်ငံရေးအရ တစုံတရာ လှုပ်ရှားနိုင်ကြသည်။ UNFC သည် အထက်တွင် ဖေါ်ပြထားသော ကိုးကန့် ၊ TNLA, AA တို့ နှင့်လည်း ဆက်စပ်မှုများ ရှိသည့်အပြင် အဆိုပါ သုံးဖွဲ့ ကို နောက်ပိုင်းမှနေ၍ ပံ့ပိုးထောက်ကူပေး၊ ရပ်တည်ကာကွယ်ပြောဆိုပေးလျှက်ရှိသော ဝသပ (UWSP) နှင့်လည်း ကောင်းမွန် သည့် ဆက်ဆံရေးများ ထူထောင်ထားနိုင်သည်။ ဝသပ ကိုယ်တိုင်သည်လည်း ယခုအချိန်အထိ NCA ကို လက်မှတ်ထိုး ဘွယ်မရှိသေး။

အကယ်၍သာ UNFC အနေဖြင့် ၎င်းတို့ ရပ်တည်တောင်းဆိုလျှက်ရှိသော မူရှစ်ချက်ကို တိတိကျကျ မရသဖြင့် NCA ကို လက်မှတ်မထိုးနိုင်ဟု တင်းခံရပ်တည်ကောင်းရပ်တည်ဘွယ်ရှိသည်။ သို့ဖြစ်လျှင် NCA ကို လက်မှတ်ထိုးပြီးမှ သာလျှင် ၂၁ ပင်လုံညီလာခံသို့ တက်ရောက်ခွင့်ပြုမည့် သဘောထားကို အခိုင်အမာ ကိုင်စွဲထားသော မြန်မာစစ်အာဏာ ရှင်များအတွက် အနုနကွဲခတ် သလိုခံရဘွယ်ရှိသည်။ ၎င်းတို့ ၏ အယောင်ပြ ငြိမ်းချမ်းရေးညီလာခံ (၂၁ ပင်လုံ) သည် မည်သည့်နည်းနှင့် မျှ မငြိမ်းချမ်းနိုင်တော့ကြောင်းကို ပြည်တွင်းလူထုများသာမက နိုင်ငံတကာကပါ သဘောပေါက်သွား ကြပါမည်။ စစ်မှန်သည့် ငြိမ်းချမ်းရေးသဘောတူညီချက် (Peace Accord) ပေါ်ထွက်လာရေးအတွက် (၂၁ ပင်လုံ တွင် ရှုတ်ရက်ခတ်နေအောင် ဖန်တည်းထားသည့် အပွင့်ပေါင်းစုံ မဟုတ်ဘဲ) လက်နက်ကိုင်ပဋိပက္ခ ဖြစ်နေသော ဘက်နှစ်ဘက်

တွေ့ ဆုံဆွေးနွေးရေး လမ်းကြောင်းပွင့်ကောင်း ပွင့်သွားနိုင်သည်။ ဤသည်ကို မြန်မာစစ်အာဏာရှင်ဟောင်း သစ်များက နှစ်ခြိုက်မည် မဟုတ်သည်မှာ သေချာသည်။

သို့ဖြစ်၍ UNFC သည် ၎င်းတို့၏ မဟာရန်သူ နံပတ်(၁) ဖြစ်လျှက်ရှိသည်။ နိုင်ငံရေးအရ အခြိမ်းခြောက် နိုင်ဆုံး တိုင်းရင်းသား တပ်ပေါင်းစု ဖြစ်နေသည်။ UNFC ၏ ဦးခေါင်းသည် အဘယ်နည်း။ KIO ဖြစ်ကြောင်းကောက်ယူမည်မှာ အထင်အရှားပင်။ သို့ဖြစ်၍ UNFC ၏ မူရှစ်ချက်ကို စတင်တင်သွင်းဆွေးနွေးသည့် (၂၁ ပင်လုံ ပထမ အကြိမ်ညီလာခံ မတိုင်ခင်) ဩဂုတ်လ အလယ်လောက်ကထဲကစ၍ KIO ဗဟိုဌာနချုပ်လိုင်ဇာကို ဖြိုရေး နှင့် KIO ဌာနချုပ်ပြောင်းရွှေ့ အခြေစိုက်နိုင်မည့် နေရာမှန်သမျှ ကို တည်ငြိမ်မှုကင်းမဲ့စေရေးအား စီမံချက်ချမှတ်ဆောင်ရွက်လာကြခြင်းဖြစ်သည်။

ကုလသမဂ္ဂ (သို့မဟုတ်) EU ကဲ့သို့ နိုင်ငံတကာ အဖွဲ့အစည်းကြီး တခုခုက ဝင်ရောက်ကြီးကြပ်မှု မရှိပါက ဘက်နှစ်ဘက် လက်မှတ်ထိုးထားရုံ၊ ဘက်နှစ်ဘက်မှ ကိုယ်စားလည်များဖြင့် ပူးတွဲကော်မတီ ဖွဲ့စည်းထားရုံဖြင့် အပစ် အခတ်ရပ်စဲရေး နှင့် အခြားပြသနာများအား ထိန်းသိမ်း ဖြေရှင်းခြင်းမပြုနိုင်၊ တိုက်ပွဲများ ပြန်ဖြစ်ခြင်းဖြင့် အဆုံးသတ်ခဲ့ ကြောင်းကို ကေအိုင်အို ကလည်း ရှေ့ဦးကပင် လက်တွေ့ကြုံခဲ့ပြီးဖြစ်သည်။ မြန်မာစစ်အစိုးရ နဝတ ၏ ၁၉၈၉ ခုနှစ်က စတင်ခဲ့သည့် အပစ်အခတ်ရပ်စဲရေး လုပ်ငန်းစဉ်အတွင်းတွင် ၂၀၁၀ ခုနှစ်အထိ နှစ်ပေါင်း ၂၁ နှစ်အတွင်း စာနှင့်ပေ နှင့် ရေးသားပြီး လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သည်မှာ ကေအိုင်အို တဖွဲ့တည်းနှင့်သာရှိခဲ့သည်။ ၁၉၉၄ ဖေဖေါ်ဝါရီလ (၂၄) ရက်စွဲဖြင့် လက်မှတ်ရေးထိုးထားသော အဆိုပါ အပစ်ရပ် စာချုပ်အား မြန်မာစစ်တပ်ဘက်က ချိုးဖေါက်ခဲ့ဖြင့် တိုက်ပွဲများ ပြန်လည်စတင်ခဲ့ခြင်းဖြစ်သည်။ အကျိုးဆက်အနေဖြင့် ၁၇ နှစ်တာ အပစ်ရပ်ကာလအတွင်း တစုံတရာ ဖေါ်ဆောင်ခဲ့သည့် ဒေသဖွံ့ဖြိုးရေးဟူသည်များမှာလည်း လုံးဝပင် ပျက်စီးသွားခဲ့သည်။

ထို့အပြင်၂၀၁၃ ခုနှစ်မေလ (၃၀) ရက်နေ့တွင် နှစ်ဘက်ထပ်မံတွေ့ဆုံဆွေးနွေးကြပြီး ဦးအောင်မင်း ခေါင်း ဆောင်သည့် အစိုးရ ကိုယ်စားလည်အဖွဲ့ နှင့် ကေအိုင်အိုတို့ ရရှိထားသော အောက်ပါ သဘောတူညီချက်အား ယခုအချိန် တွင် မြန်မာစစ်တပ်က ပင်ဆက်လက်ချိုးဖေါက်နေပြန်သည်။

အပိုဒ် (၂)

နှစ်ဖက်တပ်ဖွဲ့များမှ ပစ်ခတ်တိုက်ခိုက်မှုများလျော့ချခြင်း၊ တိုက်ပွဲများ ထပ်မံမဖြစ်ပွားအောင် ထိန်းသိမ်းခြင်း တို့ကို ဆောင်ရွက်သွားရန် သဘောတူသည်။

၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် NCA လက်မှတ်ထိုးထားခဲ့ပြီးဖြစ်သော အား RCSS အား မြန်မာစစ်တပ်က ပြီးခဲ့သည့် လပိုင်းကပင် တိုက်ပြန်သေးသည်။ ကရင်ပြည်နယ် အတွင်းတွင်လည်း အဓိကကျသော ကရင်လက်နက်ကိုင် အဖွဲ့အစည်း သုံးဖွဲ့က NCA ကို လက်မှတ်ထိုးထားပြီး ဖြစ်ပါလျှက် မြန်မာစစ်တပ်သည် ၎င်းမွေးမြူ ထားသည့် BGF ကို ကိုင်ကာ ခွဲထွက် DKBA အား ထောင်းလမောင်း ကြေအောင် တိုက်ခဲ့ပြန်သည်။ NCA သည် တပြည် လုံးအပစ်ရပ်ရန် မဆိုထားနှင့်။ ကရင်ပြည်နယ် တခုတည်းအတွင်းမှာပင် ရပ်အောင် မတတ်နိုင်ပါ။ ကာချုပ်မင်းအောင်လှိုင် ခေါင်းဆောင်သည့် မြန်မာစစ်တပ်သည် ၎င်းတိုက်ခြင်သည့်အချိန်တွင် ထတိုက်ခွင့်ရနေသမျှ ငြိမ်းချမ်းရေးဟူသည် အဘယ် မှာရနိုင်ပါ မည် နည်း။ သို့ဖြစ်၍ ကုလသမဂ္ဂ (သို့မဟုတ်) EU ကဲ့သို့ နိုင်ငံတကာ အဖွဲ့အစည်းကြီး တခုခု၏ ဝင်ရောက် ကြီးကြပ်မှု ကို ငြိမ်းချမ်းရေးစာချုပ် (Peace Accord) တွင် ထည့်သွင်းချုပ်ဆိုပြီး လက်တွေ့ဖေါ်ဆောင်မှသာ တိုင်းရင်းသား များ၏ "ကိုယ်ပိုင်ပြဌာန်းခွင့်" အခြေခံတွင် ငြိမ်းချမ်းရေး ရောင်ခြည်ကိုမြင်နိုင်ပါမည်။

သို့မဟုတ်ပါဘဲလျှက် လက်ရှိ NCA ကို လက်မှတ်ထိုးလိုက်ပါက မြန်မာစစ်တပ် နှင့် အစိုးရတို့အတွက် နံမည် ကောင်းရရုံသာရှိပါမည်။ တိုင်းပြည်၏ ဝင်ငွေများ၊ တိုင်းရင်းသားပြည်နယ်များပိုင် သဘာဝသယံဇာတများ၊ နိုင်ငံခြားမှ ဝင်ရောက်လာပြီး တိုင်းရင်းသားပြည်နယ်များ၌ ရင်းနှီးမြှုပ်နှံမှုမှ အကျိုးခံစားခွင့်များ နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများအတွက်

နိုင်ငံတကာက ကူညီပံ့ပိုးပေးသော ထောက်ပံ့မှုများအား ၄င်းတို့ ထင်သလို ဆက်လက် အသုံးချခွင့်ရသွားပါမည်။ တိုင်းရင်းသားပြည်နယ်များ နှင့် လူထုများအတွက်ဖြစ်စေ မည်သို့ မျှ အကျိုးမရှိနိုင်ပါ။ မြန်မာစစ်တပ်သည်၄င်းတို့ စိတ်အလို မကျသည့် အချိန်တွင် တိုက်ပွဲများပြန်ဖေါ်၊ ပြည်တွင်းစစ်ကို ဖန်တည်းဦးမည်မှာ မုချဖြစ်သည်။

**"ဝသပ" နှင့် "မိုင်းလား" အဖွဲ့ အကြား မြန်မာစစ်တပ်က အဘယ်ကြောင့် ဝင်ရောက်စွက်ဘက်လာသနည်း။**

အထက်တွင်ဖေါ်ပြထားသည့် ရည်မှန်းချက်အတွက် ကေအိုင်အို ဗဟိုအား ထိုးစစ်များ သိသာစွာ တိုးမြှင့်လာသည့်အချိန်တွင် မြန်မာစစ်တပ်အတွက် မထင်မှတ်သည့် နေရာကနေ မြွေခြောက်ကိုက်သည့် ပြဿနာပေါ်လာသည်။ ယင်းမှာ စက်တဘ်ာလ ၂၈ ရက်နေ့ တွင် ဝ တပ်များက မိုင်းလား တပ်ဖွဲ့ အခြေစိုက်ရာ လွယ်ဆမ်ဆုံ၊ လွယ်ကျူဆိုင်း နှင့် ဝမ့်နောင်ဟုတ် ဟူသော စခန်းသုံးခုအား ဝင်ရောက်စီးနင်း သိမ်းပိုက်လိုက်ခြင်း ဖြစ်သည်။

ဝသပ နှင့် မိုင်းလားအဖွဲ့ တို့ သည် ၁၉၈၉ ခုနှစ်တွင် နဝတ စစ်အစိုးရနှင့် အပစ်ရပ်ခဲ့ကြပြီးနောက်ပိုင်းမှစ၍ နှစ်ပေါင်း ၂၇ နှစ်ကြာမျှ ညီအစ်ကိုရင်းသဖွယ် ရင်းနီးလက်တွဲခဲ့ကြသူများဖြစ်သည်။ မိမိတို့ ၏ တပ်အသီးသီးကို ဆွဲထုတ်ကာ မြန်မာစစ်ခေါင်းဆောင်များ အလိုကျ RCSS ၏ ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) တပ်ဖွဲ့ များအား တိုက်ပေးခဲ့ကြသူများဖြစ်သည်။ ယင်းမှ ရရှိခဲ့သည့် အကျိုးစီးပွားများကိုလည်း ခွဲဝေခံစားခဲ့ကြပုံရှိသည်။

မိုင်းလားအဖွဲ့ နှင့် ယင်း၏ နယ်မြေသည် ဝသပ အတွက် နိုင်ငံရေးအရသာမက စစ်ရေးနှင့်စီးပွားရေး အရပါ အရေးကြီးပါသည်။ ဝသပသည် ဝပြည်နယ်တောင်းဆိုခြင်းမှစတင်ကာ နိုင်ငံရေးမြော်မှန်းချက်ကြီးလာပြီ ဖြစ်ရာ ၄င်းနှင့် ခိုင်ခိုင်လက်တွဲမည့် မဟာမိတ်အဖွဲ့ အစည်းများ ရှိရန်မုချမသွေ လိုအပ်ပါသည်။ မိုင်းလားအဖွဲ့ သည်၄င်းအတွက် အကောင်းဆုံး မဟာမိတ်ဖြစ်သည်။




သို့ စဉ်လျှက်အဆင်ပြေအောင် ဆက်ဆံရမည့် အစား အဘယ်ကြောင့် အကြမ်းနည်းကို သုံးလိုက်ရသနည်း။ အဖြေမှာ NCA နှင့် တိုက်ရိုက်ပတ်သက်နေကြောင်းတွေ့ ရသည်။ တရုတ်အစိုးရက ပြင်းပြင်းထန်ထန် ဖိအားပေးလာလျှင်မှု ဝသပ သည် NCA ကို လက်ခံကောင်း လက်ခံသွားနိုင်သည်။ သို့ ရာတွင် ယနေ့ အချိန်အထိ ဝသပ ကိုင်စွဲထားသော မူဝါဒမှာ NCA ကို လက်မှတ်မထိုးရေး ဖြစ်သည်။ ထိုသို့ တင်းခံနေသည့် အချိန်တွင် မိုင်းလားအဖွဲ့ ၏ အထွေထွေ အတွင်းရေးမှူးဖြစ်သူ ဦးကြည်မြင့် က ၂၁ ပင်လုံ ၏ ပထမအကြိမ်ညီလာခံကို တက်ရင်း **"နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် ပြောကြားခဲ့တဲ့ NCA လက် မှတ်ထိုးရန် လိုအပ်ချက်ကို လက်ခံပါတယ်။"** ဟု ပြောကြားသွားခဲ့သည်။ ယင်းမှာ ဝသပ အတွက် အနာပေါ်တုတ်ကျ ဖြစ်သွားပုံရှိသည်။ ယင်းသို့ ပြောကြားပြီးနောက် ရက်သတ္တပတ် အချို့ အတွင်းမိုင်းလားအဖွဲ့ ၏ တပ်စခန်းသုံးခုအား ဝသပ တပ်များက တက်သိမ်းသည့် ဖြစ်ရပ်ပေါ်ထွက်လာခြင်း ဖြစ်သည်။

ဝသပ နှင့် မိုင်းလားအဖွဲ့ တို့ အကြားဖြစ်ပွားသည့် အရေးတွင် မြန်မာစစ်တပ်က ဝင်ရောက်စွက်ဖက်ပြီး ဝသပ တပ်များ မိုင်းလားနယ်မြေကနေ ထွက်ခွာသွားရန် အဘယ်ကြောင့်ရာဇသံထုတ်ခဲ့သနည်း။ စစ်အာဏာရှင်စနစ်ကို ဆက်လက်ကြီးထွားအောင် ကျင့်သုံးလိုသော မြန်မာစစ်ခေါင်းဆောင် ဟောင်း သစ်များက ပြည်တွင်းစစ်ကို ဆက်လက်မွေးမြူထားလိုသည်မှာ အဓိက အကြောင်းရင်းဖြစ်သည်။ UNFC သာ NCA ကို လက်မှတ်ထိုးလိုက်ပါက ကာချုပ်မင်းအောင်လှိုင်သည် မူးယစ်ဆေးဝါးအပါအဝင် အကြောင်းပြချက် တခုမဟုတ်တခုရှာကာ ဝသပ ကို တိုက်မည်မှာ သေချာပေါက်ပင်။ ဝသပ ကို ဖြိုပြီးသည်နှင့် NCA လက်မှတ်ထိုးထားသော အဖွဲ့ များအား လက်နက်ချခိုင်းတော့မည် ဆိုသည်မှာ ဗေဒင်မေးရန်ပင် မလိုပါ။ ၎င်းတို့ ၏ မဟာဗျူဟာမှာ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့ အစည်းမှန်သမျှ လက်နက်ဖြုတ်သိမ်းပြီး (ဖက်ဒရယ်အယောင်ပြလျှက်) စစ်အာဏာရှင်စနစ်ကို အသက်သွင်းထားသော ၂၀၀၈ ဖွဲ့ စည်းပုံအောက်သို့ သိမ်းသွင်းရန်နှင့် ရေရှည်အာဏာတည်မြဲရေးကို ဖေါ်ဆောင်သွားကြရန်သာ ဖြစ်သည်။

မိုင်းလား အဖွဲ့ အား ဝသပ နှင့် ကွဲစေရန် မြန်မာစစ်တပ်ကပင် စီစဉ်တကျ ခွဲထုတ်ဘို့ ကြိုးစားနေခြင်းဟု တွက်ဆနိုင်သည်။ သို့ ရာတွင် ဝသပ က စစ်ရေးအရ တကွက်ဦးသွားသောအခါ မခံချိ မခံသာ ဖြစ်သွားပုံရသည်။ ဝသပ အတွက် အရေးပါလှသော ဤလမ်းကြောင်းကို ဖြတ်တောက်ထားရန်လိုအပ်ချက်အရ ကေအိုင်အို ကို ဆင်နွှဲနေသော စစ်ရေးရည်မှန်းချက် ပြီးအောင်ပင် မစောင့်နိုင်တော့ဘဲ ဒရောသောပါးနှင့် ဝင်စွက်လာရခြင်းပင်။

နောက်တကြောင်းမှာ NCA နှင့် တိုက်ရိုက် ဆက်စပ်နေပြန်သည်။ ဥပမာ ဆိုကြပါစို့ ။ ဝသပ က သာ NCA ကို လက်မှတ်ထိုးမည်ဟု ကြေငြာခဲ့ပြီး မိုင်းလားက ငြင်းဆိုနေပါမူ အခြေအနေမှာပြောင်းပြန်ဖြစ်သွားနိုင်သည်။ သို့ ဖြစ်ပါက ဝသပ က မိုင်းလား၏ တပ်စခန်းများကို သိမ်းပိုက်မှုအပေါ် မြန်မာစစ်တပ်က မသိခြင်ယောင်ဆောင်နေဘို့ များသည်။ သာဓက ပြပါမည်။ ၂၀၁၅ ခုနှစ်အောက်တိုဘာလ (၁၅) ရက်နေ့ တွင် RCSS သည် NCA ကို လက်မှတ်ထိုးပြီးနောက် ယင်း၏ ရှမ်းပြည်တောင်ပိုင်း တပ်မတော် က မြောက်ပိုင်းကို ထိုးတက်လာခဲ့သည်။ NCA ကို လက်မှတ်မထိုးရသေးသော TNLA ၏ အခြေခံဒေသများ အတွင်းသို့ ဝင်ရောက်လာသော အခါ RCSS နှင့် TNLA တို့ တိုက်ပွဲ အမြောက်အများဖြစ်ပွားခဲ့သည်။ TNLA ၏ အခြေခံဒေသများမှ ဆုတ်ခွာကာ ၎င်းတို့ မူလနေရာသို့ ပြန်ကြရန် RCSS အား ထိုစဉ်ကမြန်မာစစ်တပ်က ရာဇသံပေးခဲ့ခြင်း မရှိပါ။

နောက်ထပ်အကြောင်းတရပ်မှာအပစ်ရပ် အဖွဲ့ တဖွဲ့ ဖွဲ့ အတွင်း ပြဿနာတက်လာပါက ဝင်ရောက်စွက်ဖက်ခြင်းဖြင့် မြန်မာစစ်တပ်က အကျိုးအမြတ် ရခဲ့ဘူးသည်။ ယင်းမှာ ကိုးကန့် အဖွဲ့ နှင့် စပ်လျှဉ်း၍ ဖြစ်သည်။ ကိုးကန့် အဖွဲ့ အတွင်းအချင်းချင်းအာဏာသိမ်းမှုဖြစ်ခဲ့စဉ်က ၂၀၀၀ ခုနှစ် အောက်တိုဘာလ (၂၄) ရက်နေ့ တွင် မြန်မာစစ်တပ်က အတင်းဝင်ရောက်ကာ အာဏာသိမ်းခေါင်းဆောင် လီနီမင် နှင့် ၎င်း၏ လူ ၁၅၀ ခန့် အား ဟောမိုးလုံ ဒေသတွင် သတ်ဖြတ်ကာ အစုလိုက် အပြုံလိုက် မြှုပ်နှံပစ်ခဲ့ဘူးသည်။ (ငြိမ်းချမ်းရေးစစ်တမ်း ၃ တွင် အညွှန်းနှင့်တကွ ဖေါ်ပြခဲ့ပြီး။) ဤသည်မှာ လူ့ အခွင့်အရေးအရ အသက်ရှင်သန်ပိုင်ခွင့်ကို ရိုးရိုးချိုးဖေါက်ခြင်းမျှသာ မကပါ။ နိုင်ငံတကာပြစ်မှုဆိုင်ရာ ဥပဒေအရ စစ်ရာဇဝတ်မှုကြီးကို အသေအချာကျူးလွန်ခဲ့ခြင်းဖြစ်သည်။ သို့ ဖြင့် ဥပဒေစိုးမိုးရေး ကိုပါ မြေမြှုပ်သင်္ဂြိုဟ် လိုက်ခြင်းပင်။

**"အခွင့်အရေး နှင့် တာဝန်" "ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်" နှင့် "ဥပဒေ စိုးမိုးရေး"**

ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော လက်ရှိအစိုးရသည် မြန်မာစစ်တပ်က ဤမျှ အထင်ကရ ကျူးလွန်ခဲ့သော စစ်ရာဇဝတ်မှုကြီးအား ယခုအချိန်တွင် ပြန်လည်ဖေါ်ထုတ်အရေးယူမှုကို အဘယ်ကြောင့်မပြုသနည်း။ ၂၀၁၅ ခုနှစ်အတွင်းတွင် မြန်မာစစ်တပ်သည် ကိုးကန့် အဖွဲ့ အားပြန်လည်ထိုးစစ်များဆင်နွှဲရာ၌ လောက်ကိုင်မြို့ အတွင်းရှိ အပြစ်မဲ့လူထု မြောက်များစွာ အားလည်း သတ်ဖြတ်ခဲ့ပြန်သည်။ ယင်းမှာလည်း စစ်ရာဇဝတ်မှုကို ကျူးလွန်ခြင်းဖြစ်သည်။ သူမကြွေးကြော် ကျင့်သုံးလျှက်ရှိသည့် "အမျိုးသားပြန်လည်သင့်မြတ်ရေး" ဟူသော မူဝါဒမှာ နိုင်ငံတကာအဆင့်ရှိပြစ်မှုကြီးများကိုပင်

ဖုံးကွယ်ထားရန်လော။ ဤသည်မှာ သူမနှင့် သူမ၏ ပါတီ အမျိုးသားဒီမိုကရေစီ အဖွဲ့ ချုပ်က ပြီးခဲ့သည့် ရွေးကောက်ပွဲ နှစ်ခုလုံးတွင် တင်သွင်းကာ လူထုထောက်ခံမှု ရယူခဲ့သည့် ဥပဒေစိုးမိုးရေး ဟူသည့် ကြွေးကြော်သံနှင့်ရော ကိုက်ညီပါ ရဲ့ လား။

ဥပဒေစိုးမိုးရေး မရှိပါက လူ့ အခွင့်အရေး မရနိုင်ပါ။ ငြိမ်းချမ်းရေးပြဿနာများအား လူ့ အခွင့်အရေး နှင့် ဥပဒေ စိုးမိုးရေး အခြေခံများမှ မချဉ်းကပ်နိုင်သမျှ မြန်မာနိုင်ငံ တွင် မည်သည့်အခါမျှ စစ်မှန်သည့် ငြိမ်းချမ်းရေးရနိုင်ဘွယ်မရှိပါ။ တိုင်းရင်းသားများ၏ "ကိုယ်ပိုင်ပြဌာန်းခွင့်" သည် လူ့ အခွင့်အရေး၏ အရေးကြီးသောကဏ္ဍ တရပ်ဖြစ်သည်။ မြန်မာနိုင်ငံ တွင် "ကိုယ်ပိုင်ပြဌာန်းခွင့်"အခြေခံ၍ တိုင်းရင်းသားပြည်နယ်များ၊ ၄င်းပြည်နယ်အသီးသီး အတွင်းရှိ အမျိုးသားဒေသများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၊ ပူးတွဲအုပ်ချုပ်ခွင့်ရဒေသများ အစရှိသည်တို့ အသီးသီးတွင် မည်မျှ အထိ အခွင့်အာဏာ အပ်နှင်းမည်ကို စဉ်းစားဆုံးဖြတ်ကြရပါမည်။ ယင်းတို့ အား ဖက်ဒရယ်ဖွဲ့ စည်းပုံတွင် အခြေခံအားဖြင့် ထည့်သွင်းပြီး ယင်း နှင့် လိုက်လျှောညီထွေစွာ ပြည်နယ်ဖွဲ့ စည်းပုံများ ရေးဆွဲပြဌာန်းအတည်ပြုကျင့်သုံးမှသာ ငြိမ်းချမ်းမှု ရနိုင်ပါမည်။

သို့ ရာတွင် "ကိုယ်ပိုင်ပြဌာန်းခွင့်"ကို မည်သို့ ဖွင့်ဆိုကာ လက်တွေ့ ကျင့်သုံးမည် ဟူသည်မှာ ပြဿနာကြီး ဖြစ် လာသည်။ မြန်မာစစ်အာဏာရှင်များက အပ်နှင်းခဲ့သည့် လက်တွေ့ အုပ်ချုပ်ပိုင်ခွင့် (Defacto Rule) ကို ဆယ်စုနှစ်သုံး စုနီးပါးကြာ ကျင့်သုံးခွင့်ရလာသောအခါ ဝသပ သည်ယင်းကို အသားကျလျှက်ရှိသည်။ ကိုယ့်တပ်ကို ကိုယ် စိတ်ကြိုက် ကြီး ထွားအောင်တည်ဆောက်ကာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး အာဏာကြီးသုံးရပ်လုံးအား "ဝ" နယ်တွင် လွတ်လပ်စွာ ကျင့်သုံးခွင့်ရနေသောကြောင့် ဖြစ်သည်။ ဤသည်မှာ ဝသပ လိုလားသည့်"ကိုယ်ပိုင်ပြဌာန်းခွင့်" ဖြစ်သည်။

ပြည်ထောင်စု တရပ်လုံးတွင် ဖြစ်စေ၊ အခြားပြည်နယ်အသီးသီးတွင် ဖြစ်စေ မည်သည့် အခြေအနေများဖြစ် နေပါစေ၊ ဝသပ က စိတ်မဝင်စား။ (ယခုအချိန်တွင်) ဗဟိုအဆင့်၊ (ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတွင်) ဖက်ဒရယ်အဆင့် က ၄င်းအား အသိအမှတ်ပြုနေသမျှ၊ ၄င်းတို့ ၏ အခွင့်အရေးကို မထိသမျှကာလပတ်လုံး ငြိမ်နေ ပါမည်။ ဤသည်မှာ ဝသပ က ရည်ညွှန်းသော "ငြိမ်းချမ်းရေး" ဖြစ်နေသည်။

စင်စစ်အားဖြင့်မူ ဝသပ လိုလားသည်မှာ ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတွင် လက်ခံကျင့်သုံးသင့်သော "ကိုယ်ပိုင် ပြဌာန်းခွင့်" ထက် ပိုလွန်နေပြီဖြစ်သည်။ ပြည်ထောင်စု ဖွဲ့ စည်းရာတွင်ပါဝင်သည့် အခြားပြည်နယ်များနှင့် လက်တွဲကာ "အခွင့်အရေး" နှင့် "တာဝန်"ကို မျှဝေထမ်းဆောင်သည့် "ကိုယ်ပိုင်ပြဌာန်းခွင့်" မဟုတ်။ ဝသပ က လိုလားသည်မှာ ပြည် ထောင်စု နိုင်ငံတဝှမ်းလုံး စစ်မီးဟုန်းဟုန်း တောက်နေပါစေ၊ ကိုယ့်ဒေသ နှင့် ယင်း၏ အဝန်းအဝိုင်း ကလေး တည်ငြိမ် နေလျှင်ကြေနပ်လက်ခံနေမည့် "ငြိမ်းချမ်းရေး"ဖြစ်သည်။ ချုပ်၍ဆိုရလျှင် ကိုယ်ကျိုးကိုသာ အဓိကထားလွန်းသော "ကိုယ်ပိုင်ပြဌာန်းခွင့်" နှင့် "ငြိမ်းချမ်းရေး" ဖြစ်နေသည်။ ဤအခြေခံပေါ်တွင် လက်နက်၊ လူအင်အား အပြည့်အစုံနှင့် ခိုင် မာစွာ ရပ်တည်လာနိုင်သော အခါ "ဝ" အရေး သည် အလျှံငြီးငြီးတောက်လောင်နေသော မီးကျီးခဲကြီး ဖြစ်လာသည်။

မြန်မာစစ်အာဏာရှင်များက ၄င်းတို့ အာဏာတည်မြဲရေးအတွက် ၄င်းတို့ ကိုယ်တိုင် မွေးခဲ့သည့် ဤ မီးကျီးခဲကြီး အား ၄င်းတို့ ကပင် ထို့ ထက်ပိုမိုကြီးမားသော ရေခဲမီးကြီးဖန်တည်းကာ ငြိမ်းသတ်ရန် မဖြစ်နိုင်ပါ။ ဆိုလိုသည်မှာ ကြီးမား သော စစ်ဆင်ရေးကြီးဆင်နွှဲခြင်းမျိုးဖြင့် မဖြေရှင်းသင့်။ ဝသပ ကိုယ်တိုင်က အစွမ်းကုန်ခံချမည့် အနေအထား ရှိသည်။ ၂၀၁၅ ခုနှစ်အတွင်း အင်အား ၂၀၀၀ ခန့် သာ ရှိသော ကိုးကန့် အဖွဲ့ ကလေးအား ထိုးစစ်ဆင်ခဲ့ရာတွင်ပင် မြန်မာစစ်တပ် ဘက်က ထောင်ပေါင်း များစွာ အသက်စွန့် ခဲ့ရရုံသာမက တိုင်းပြည်၏ ဘဏ္ဍာငွေများသောက်သောက်လဲ ကုန်ကျခဲ့သည်။ အမြဲတမ်းတပ်နှင့် ပြည်သူ့ စစ်နှစ်ခုပေါင်း အင်အားငါးသောင်းခန့် ရှိနေပြီဖြစ်သော ဝသပ အား တိုက်လျှင် မြန်မာစစ်တပ် သည် ထို့ ထက်အဆများစွာ ပို၍သာ နာဘို့ ရှိသည်။ အမြစ်ပြတ်တိုက်ရန် မဖြစ်နိုင်။

ဤမီးကျီးခဲကြီးအား ငြိမ်းချမ်းသော နိုင်ငံရေးနည်းလမ်းဖြင့် ရှင်းရပါမည်။ နိုင်ငံရေးနည်းလမ်းဟူရာတွင်လည်း "ကိုယ်ပိုင်ပြဌာန်းခွင့်" ကို အမည်ခံမျှသာပေး၊ ဝသပ ကဲ့သို့ စစ်အင်အားခိုင်မာစွာ မရပ်တည်နိုင်သောအဖွဲ့ များအား စစ်ရေးအရထိုးနှက်၊ ဥပဒေစိုးမိုးရေး အခြေခံနှင့် ဆန့် ကျင်ကာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ များအပေါ် မတူညီသည့် မူဝါဒများကျင့်သုံး၊ စစ်အာဏာရှင်စနစ်ကို ဖေါ်ဆောင်ထားသော ၂၀၀၈ ဖွဲ့ စည်းပုံ အောက် သို့ သာပြန်လည်ဆွဲသွင်းရန်ကြိုးပမ်းနေသမျှကာလ ပတ်လုံး ဝသပ မီးကျီးခဲကြီးသာမက ပြည်နယ်အသီးသီးတွင် ပျံ့ နှံ့ လျှက်ရှိသော မည်သည့် မီးကိုမျှ ငြိမ်းနိုင်ဘွယ်မရှိ။ ငြိမ်းချမ်းရေး ရနိုင်ဘွယ်မရှိပါ။

NCA ကို ဖိအားပေး လက်မှတ်ထိုးခိုင်း၊ ၂၀၀၈ ဖွဲ့ စည်းပုံနှင့် ညီအောင် "တပ်မတော်တရပ်တည်း ရှိရမည်" ကြွေးကြော်၍ ဝသပ ကို လက်နက်ဖြုတ်သိမ်း၊ ဟူသည့် ကာချုပ်မင်းအောင်လှိုင်၏ စိတ်ကူးယဉ်အိပ်မက် သည် ဖြစ်လာဘွယ်မရှိပါ။ ဝသပ ကလည်း ဤအခြေအနေကို တွက်ထားပြီး ဖြစ်ပုံရသည်။ ဝသပ က ဒေါ်အောင်ဆန်းစုကြည်သို့ ပေးစာတွင် အခြားအကြောင်းများအနက် TNLA  ကိုးကန့် နှင့် ရခိုင်တပ်မတော်တို့ အား လက်နက်ကိုင်လမ်းစဉ်ကို စွန့် လွှတ်ကြောင်း ကြေငြာခိုင်းသည့် ကိစ္စနှင့် စပ်လျှဉ်း၍ အောက်ပါအတိုင်းရေးသားကာ ကာချုပ်မင်းအောင်လှိုင်ကို ဝေဘန်ထားကြောင်း တွေ့ ရသည်။

> "စစ်ဦးစီးချုပ် ဦးမင်းအောင်လှိုင်၏ ပြောဆိုချက်သည် ဥာဏ်ထက်မြက်သော နိုင်ငံရေးပရိယာယ် မဟုတ်သကဲ့သို့ ဤလုပ်နည်းသည် မြန်မာနိုင်ငံအတွက် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးကို မဖေါ်ဆောင်နိုင်ပါ ဟု "ဝ" ပြည်နယ် က ထင်မှတ်မိပါသည်။"

ထို့ အပြင် (ဝသပ ကိုအပြတ်ရှင်းပြီးနောက်) မြန်မာနိုင်ငံသည်  အမေရိကန် ဘက်သို့ လုံးဝယိမ်းသွားမည်ကို စိုးရိမ်လျှက်ရှိသော တရုတ်နိုင်ငံကလည်း မြန်မာစစ်တပ်က ဝသပ အား စစ်ရေးအရ အပြတ်တိုက်ချေမှုန်းမည့် နည်းလမ်းမျိုးကို နှစ်ခြိုက်ဘွယ်မရှိပါ။ ယခုပင် ကာချုပ် မင်းအောင်လှိုင်ကို တရုတ်ပြည်သို့ ခေါ်ယူဆွေးနွေးနေပုံရှိသည်။

မြန်မာနိုင်ငံသည် အင်အားကြီး နိုင်ငံကြီး သုံးခု (တရုတ်၊ အမေရိကန်၊ အိန္ဒိယ) တို့ ၏ မဟာဗျူဟာ အာရုံစူးစိုက်ရာဆုံချက် ဖြစ်နေသည်။ နိုင်ငံတခုခုကို အပြတ်ချဉ်းကပ်၊ အခြားနိုင်ငံကို ဆန့် ကျင် ဟူသော မူဝါဒကို ကျင့်သုံးလျှင်သတ်ကွင်းအဖြစ်နိဂုံးချုပ်သွားနိုင်သည်။ ဟိုနိုင်ငံကို ချော့ပေါင်း၊ သည်နိုင်ငံကို မျက်နှာချိုသွေး။ ဟိုနိုင်ငံ၏ မျက်နှာကိုကြည့်နေရ၊ သည်နိုင်ငံကိုလည်း ကြောက်ရ အနေအထားမျိုးဖြင့်လည်း ရေရှည်ဂုဏ်သိက္ခာ ရှိစွာ ရပ်တည်နိုင်မည် မဟုတ်ပါ။ ဟိုနိုင်ငံကို တမျိုးပြော၊ သည်နိုင်ငံကို လှည့်စား လူလည်ကျသည့် ဆက်ဆံရေးသည်လည်း ရေရှည်မခံပါ။ ဘာမှန်းအတိ အကျ မပြောနိုင် ဝေဝါးသော ဘက်မလိုက်ရေး၊ ကြားနေရေး ဟူသည်တို့ သည်လည်း ခေတ်မရှိတော့ပါ။ မိမိတို့ ၏ ပြည်ထောင်စု နိုင်ငံလွတ်လပ်၊ တရားမျှတ၊ တည်ငြိမ်၊ တိုးတက်ရန် နိုင်ငံတကာ ဆက်ဆံရေးတွင် ခိုင်မာသည့် မူဝါဒ တစုံတရာကို ကျင့်သုံးရန်လိုအပ်လာသည်။ ယင်းအတွက် အဓိကမှာ ပြည်တွင်းတွင် တိုင်းရင်းသားပြည်နယ်များ၏ "ကိုယ်ပိုင်ပြဌာန်းခွင့်" အပေါ်အခြေခံသည့် ခိုင်မာသော ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်မှု မူဝါဒကို ရှာဖွေနိုင်မှ ဖြစ်ပါမည်။

အမေရိကန်၊ တရုတ်၊ အိန္ဒိယ နိုင်ငံကြီး သုံးခုလုံးသည် အဘယ်ကြောင့် ကမ္ဘာ့ အလည်တွင် ဝင့်ကြွားစွာ ထိုးတက်သွားနိုင်သနည်း။ မတူကွဲပြားမှုများ ရှိကြပါမည်။ အခြေခံတူညီသော အချက်တော့ ရှိသည်။ ယင်းမှာ "ဥပဒေစိုးမိုးရေး" ကို အလေးထားကျင့်သုံးခြင်းဖြစ်သည်။  ဥပဒေစိုးမိုးရေး၏ အခြေခံတရပ်မှာ "မည်သူတဦးတယောက်၊ မည်သည့် အဖွဲ့ အစည်းမျှ ဥပဒေ၏ အထက်တွင် မရှိရ။" ဟူ၍ ဖြစ်သည်။[ii] သို့ ရာတွင် ဥပဒေ ကိုယ်တိုင်က (ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတွင် ပြည်ထောင်စုဖွဲ့ စည်းရာတွင် ပါဝင်သော) ပြည်နယ်များ နှင့် ယင်းတို့ ရှိလူထုများ၏ ဆန္ဒ ကို ထင်ဟပ်ရန်လိုသည့်အပြင် ပြည်နယ် အသီးသီးရှိ ပကတိ လက်တွေ့ အခြေအနေများနှင့် ကိုက်ညီရပါမည်။ ဥပမာပြုရလျှင် ဥပဒေသည် ဖိနပ်ဖြစ်သည်။

ယင်း တို့ သည် ခြေထောက်ဖြစ်သည်။  ဖိနပ်အား ခြေထောက်နှင့် တော်အောင် ချုပ်လုပ်ထားမှသာ အဆင်ပြေစွာ စီးနင်းနိုင်ပါမည်။

၂၀၀၈ ခုနှစ် ဖွဲ့ စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၃၈ တွင် "နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင် အဖွဲ့  အစည်းအားလုံးသည် တပ်မတော်၏ ကွပ်ကဲမှုအောက်တွင်ရှိရမည်။" ဟူသော ပြဌာန်းချက်မှာ (ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတွင် ပြည်ထောင်စုဖွဲ့ စည်းရာတွင် ပါဝင်သော) ပြည်နယ်များ၊ ပြည်သူလူထုများ၏ ဆန္ဒ နှင့် ပကတိ လက်တွေ့ အခြေအနေများအား ထင်ဟပ်ခြင်းမရှိပါ။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် နှစ်ပေါင်း ခုနှစ်ဆယ် နီးပါး ဖြတ်သန်းလာခဲ့သည့် ခါးသည်းသော အတွေ့ အကြုံများအရ တိုင်းရင်းသားပြည်နယ်များရှိ ပြည်သူလူထုများသည် ၎င်းတို့ ကိုယ်ကို ခုခံကာကွယ်ရန် လက်နက်ကိုင်တပ်ဖွဲ့ များ ဖွဲ့ စည်းထားရှိကြသည်။ အဆိုပါ တပ်ဖွဲ့ များအား ဖွဲ့ စည်းပုံအခြေခံဥပဒေ နှင့် အညီ တရားဝင်တည်ရှိခွင့်ပြုရေးမှာ စစ်မှန်သော "ငြိမ်းချမ်းရေး" ရရှိရေးအတွက် ယနေ့ အချိန်တွင် အလိုအပ်ဆုံးအရာ ဖြစ်လာသည်။ ဤသည်မှာ ခြေထောက်ဖြစ်သည်။ ဖိနပ်ဖြစ်သော ၂၀၀၈ ခုနှစ် ဖွဲ့ စည်းပုံအခြေခံဥပဒေသည် ခြေထောက်နှင့် မတော်တော့ပါ။ ကာချုပ်မင်းအောင်လှိုင် သည် ဖိနပ်စုတ်ကြီးဖြစ်သော ၂၀၀၈ ဖွဲ့ စည်းပုံအခြေခံဥပဒေကို အသေကိုင်လျှက် ရှိသည်။ ယင်းနှင့်တော်အောင် ခြေထောက်ကို လှီးဖြတ်ကာ အတင်းစွပ်ခိုင်းလျှက်ရှိသည်။ ယင်းသို့ ပြုနေသမျှ မည်သည့်အခါတွင်မျှပြည်တွင်းငြိမ်းချမ်းရေး ရနိုင်ဘွယ်မရှိပါ။

ခြေထောက် နှင့် တော်သော ဒီမိုကရက်တစ် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့ စည်းပုံ အခြေခံဥပဒေ အသစ်တရပ်ကို ရေးရပါမည်။ ယင်းတွင် ပြည်နယ်အသီးသီး၌ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ များတရားဝင် ဖွဲ့ စည်းရပ်တည်ခွင့်ပါရှိရန် လိုအပ်လာသည်။ ယူအင်န်အက်ဖ်စီသည် မြန်မာစစ်တပ်က ဖိအားပေးသော နယ်ခြားစောင့်တပ် (BGF) ဖွဲ့ စည်းရေးကို လက်မခံခဲ့။ တိုင်းရင်းသားတော်လှန်ရေးတပ်များ ပါဝင်သည့် ဖက်ဒရယ်ပြည်ထောင်စု တပ်မတော်တရပ်ဖွဲ့ စည်းရန် တောင်းဆိုလျှက်ရှိသည်။ ဝသပ သည်လည်း နယ်ခြားစောင့်တပ် ဖွဲ့ စည်းရေးကို လက်မခံခဲ့။ လက်နက်ဖြုတ်ရေး ဆိုသည်မှာ ဝေးပါလိမ့်မည်။ ကိုးကန့်၊ ရခိုင်တပ်မတော်နှင့် TNLA တို့ ကလည်း ကာချုပ်မင်းအောင်လှိုင်တောင်းဆိုသည့် လက်နက်ကိုင်လမ်းစဉ် စွန့် လွှတ်ရေးအား အတိအလင်း ငြင်းပယ်ခဲ့ပြီ။ ယင်းတို့ မှာ NCA လက်မှတ်ထိုးမထားသော အဖွဲ့ အစည်းများ၏ ရပ်တည်ချက်ဖြစ်သည်။

ပြီးခဲ့သည့် ဩဂုတ်လ ကုန်တွင် ကျင်းပခဲ့သည့် ၂၁ ရာစု ပင်လုံညီလာခံ၏ ပထမ အစည်းအဝေးတွင် (NCA လက်မှတ်ထိုးထားပြီးဖြစ်သော) ကရင်လက်နက်ကိုင်သုံးဖွဲ့ ပေါင်းလျှက် စာတမ်းတစောင်တင်သွင်းခဲ့သည်။ ယင်းတွင် အနာဂတ် ဖက်ဒရယ် ပြည်ထောင်စု၌ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် သည် ပြည်နယ်ဝန်ကြီးချုပ်၏ဦးဆောင်မှုအောက်တွင် ကရင်အမျိုးသားကာကွယ်ရေးတပ်ဖွဲ့ အနေဖြင့် ရပ်တည်သွားမည်ဖြစ်ကြောင်းပါရှိသည်။

သို့ ဖြစ်၍ ရှင်းနေသည်မှာ NCA လက်မှတ်ထိုးထားသည် ဖြစ်စေ၊ မထိုးသည်ဖြစ်စေ ပြည်နယ် အသီးသီးရှိ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ အစည်းများ၏ ဆန္ဒမှာ သက်ဆိုင်ရာပြည်နယ်များ၌ တရားဝင်တပ်ဖွဲ့ များအနေဖြင့် ရပ်တည်သွားရေးပင်။ ယင်းမှာ ၎င်းတို့ လိုလားသော "ကိုယ်ပိုင်ပြဌာန်းခွင့်" ၏ အရေးကြီးသော အစိပ်အပိုင်းဖြစ်ကြောင်း ထင်ရှားလှသည်။

ထိပ်ဆုံးဖက်ဒရယ် နိုင်ငံဖြစ်သော အမေရိကန်ပြည်ထောင်စုတွင် အရပ်သားလူထုများ လက်နက်ကိုင်ဆောင်ခွင့်ကို ဖွဲ့ စည်းပုံအခြေခံဥပဒေတွင် ပြဌာန်းပေးထားရသည်။ အမေရိကန်ပြည်သူများ၏ လွတ်လပ်မှုသည် ရွေးကောက်ပွဲ၊ ဂျူရီစနစ် နှင့် ကျည်ဘောက် တို့ အပေါ်တွင် မူတည်ကြောင်း ပညာရှင်တို့ က ဖွင့်ဆိုကြသည်။[iii] မြန်မာနိုင်ငံရှိ တိုင်းရင်းသား ပြည်နယ်အသီးသီးတွင် စစ်မှန်သော (လူနည်းစု) တိုင်းရင်းသားခေါင်းဆောင်များ ရွေးချယ်တင်မြှောက်ခံခွင့်ရရေးအတွက် ရွေးကောက်ပွဲစနစ်သည် ပြည့်စုံလုံလောက်ခြင်းမရှိသေးပါ။ တရားစီရင်ရာတွင်လည်း ဂျူရီစနစ်ကို သုံးစွဲခြင်းမရှိ။

သို့ ဖြစ်၍ တိုင်းရင်းသား ပြည်နယ်အသီးသီး၌ ၎င်းတို့ ၏သက်ဆိုင်ရာလူထုကို ကာကွယ်နိုင်ရေးအတွက် ပြည်နယ်တပ်ဖွဲ့များ တရားဝင် ဖွဲ့ စည်းခြင်ကြသည်မှာ သဘာဝကျသော တောင်းဆိုချက်ဖြစ်သည်။ လက်နက်ကိုင်မထားလျှင် မြန်မာစစ်တပ်၏ ဖိနှိပ်၊ သတ်ဖြတ်၊ နိပ်စက်၊ ရွာမီးရှို့ ၊ မုဒိန်းကျင့်၊ ဒေသခံလူထုများ၏ လူ့ အခွင့်အရေးအမျိုးမျိုးကို ချိုးဖေါက်ခံရကြောင်း နှစ်ပေါင်း ၇၀ နီးပါး သမိုင်းက သက်သေပြခဲ့ပြီ။

ကမ္ဘာပေါ်တွင် တပ်မတော်တခုတည်းသာထားရှိလေ့ရှိကြောင်း ကာချုပ်မင်းအောင်လှိုင်နှင့် မြန်မာစစ်ခေါင်းဆောင်ဟောင်းသစ်များက မကြာခဏထောက်ပြကြသည်။ ဆိုလိုသည်မှာ ၎င်းတို့ ၏ မြန်မာစစ်တပ်ကြီးကိုသာ တရားဝင်ထားရှိကာ အခြားတိုင်းရင်းသားတပ်မှန်သမျှ အကုန်ဖျက်ကြစေရန်ဖြစ်သည်။ ဖျက်ခြင်းဖျက်လျှင် မြန်မာစစ်တပ်ကိုသာ ဖျက်ရန်လိုပါမည်။ အဘယ်ကြောင့်ဆိုသော် ယင်းသည် ကမ္ဘာပေါ်ရှိ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံများတွင် တရားဝင်တည်ရှိနေသော မည်သည့် စစ်တပ်နှင့်မျှ မတူ၍ပင်။ တိုင်းရင်းသားလူထုများအပေါ် စစ်ရာဇဝတ်မှုနှင့် လူသားဆန့် ကျင်ပြစ်မှုများ ကျူးလွန်ဘွယ်ရှိကြောင်းဖြင့် နိုင်ငံတကာစုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့ စည်းစေရန် ၂၀၁၀ ခုနှစ်တွင် မြန်မာနိုင်ငံဆိုင်ရာ လူ့ အခွင့်အရေးအထူးကိုယ်စားလည်က ကုလသမဂ္ဂသို့ တင်သွင်းသည့် အဆင့်ရှိခဲ့သည်။

တိုင်းရင်းသားတပ်ဖွဲ့ များတွင်လည်း လူ့ အခွင့်အရေးချိုးဖေါက်မှုများ မရှိမဟုတ်ရှိကြသည်။ သို့ ရာတွင် မည်သည့် တိုင်းရင်းသားတပ်ဖွဲ့ ့ တခုတလေကမျှ လူများစု မြန်မာလူမျိုးအများစုကြီးနေထိုင်လျှက်ရှိသောမြေပြန့် ဒေသသို့ ဆင်းကာ ထိုမျှ နိုင်ငံတကာအဆင့်အထိ ပြင်းထန်ဆိုးဝါးသော ပြစ်မှုကြီးများ ကျူးလွန်ကြောင်းဖြင့် ကုလသမဂ္ဂသို့ တင်လောက်သည် အထိ အရေးယူခံရခြင်း မရှိခဲ့ဘူးပါ။

မြန်မာစစ်တပ်အနေဖြင့် ၎င်းတို့ ကို မဖျက်သိမ်းစေလိုလျှင် နည်းလမ်းတခုသာရှိပါသည်။ ပထမအဆင့်မှာ မြန်မာစစ်တပ် နှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်အားလုံး ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်၏ အစိပ်အပိုင်းအနေနှင့် ပူးပေါင်းဖွဲ့ စည်းပြီး ဥပဒေစိုးမိုးရေးဘောင်တခုတည်းအောက်တွင် ထားရှိကာ အမိန့် ပေးစနစ်တရပ်ကို စုပေါင်းရှာဖွေကျင့်သုံး သွားရန်ဖြစ်သည်။ ဒုတိယမှာနိုင်ငံရေး အာဏာမှ ဆုတ်ခွာ၊ အသက်မွေးဝမ်းကျောင်းအဖွဲ့ အစည်းတရပ်အနေနှင့် လူထုက ရွေးချယ်တင်မြှောက်ခြင်း ခံရသော အရပ်သားအစိုးရ၏ ကွပ်ကဲမှုအောက်တွင် တာဝန်ထမ်းဆောင်သွားရန်ဖြစ်သည်။ တတိယမှာ စစ်ဘက်ဆိုင်ရာတရားရုံးကို ဖျက်သိမ်းရန်ဖြစ်သည်။ စတုတ္ထမှာ ဂျီနီဗာ ကွန်ဗင်းရှင်းအပေါ်အခြေခံလျှက် ပြည်တွင်း စစ်ဥပဒေတခုပြဌာန်းကာ နိုင်ငံတကာ လူ့ အခွင့်အရေးဥပဒေ နှင့် လူသားချင်းစာနာထောက်ထားသော ဥပဒေတို့ ကို လိုက်နာစေမှုအား လက်ခံကျင့်သုံးသွားရန်ဖြစ်သည်။ သို့ မှသာ ငြိမ်းချမ်းရေးရောင်ခြည်ကို မြင်နိုင်ပါမည်။

ဦးအောင်ထူး (လူ့ အခွင့်အရေးရှေ့ နေ)
ဥပဒေအထောက်အကူပြုကွန်ရက် (LAN) တည်ထောင်သူ နေ့ စွဲ။ ၂၀၁၆ ခုနှစ် နိုဝဘ်ာလ (၄) ရက်

---

[i] အပြည်ပြည်ဆိုင်ရာ လူ့ အခွင့်အရေးကြေငြာစာတမ်းကြီး၏ ခက်မနစ်ဖြာဖြစ်သော (၁) အများပြည်သူနှင့်နိုင်ငံရေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် (International Covenant on Civil and Political Rights) နှင့် (၂) စီးပွားရေး၊ လူမှုရေးနှင့် ယဥ်ကျေးမှုဆိုင်ရာ နိုင်ငံတကာ သဘောတူ စာချုပ် (International Covenant on Economic, Social and Cultural Rights) တို့ ၏ အပိုဒ် (၁) တို့ အရ ပြည်သူလူထုများ၏ ကိုယ်ပိုင်ပြဌာန်းခွင့် အခွင့်အရေးကို ပြဌာန်းပေးထားသည်။

[ii] Constitution of China: **Article 5.** No organization or individual may enjoy the privilege of being above the Constitution and the law.

[iii] The liberties of the American people were dependent upon the ballot-box, the jury-box, and the cartridge-box; that without these no class of people could live and flourish in this country. ~ Frederick Douglass